မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၁၀ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၉၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နယ်စပ်/စည်ပင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသန်းဆွေ၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် မေ ၈ ရက်က ဘားအံမြို့သို့ရောက်ရှိပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူး(၉)အဖွဲ့က ဆောင်ရွက်နေသော ကော့ကရိတ်မြို့နယ် နဘူး-ထို့ကော်ကိုး ကားလမ်းကတ္တရာခင်းခြင်း လုပ်ငန်းခွင်သို့ရောက်ရှိကာ ကော့ကရိတ်-နဘူးကားလမ်းရှိ တံတားများပြုပြင်မှုလုပ်ငန်းနှင့် နဘူး-ထို့ကော်ကိုးကားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများကို စံချိန်စံညွှန်းမီ အချိန်မီပြီးစီးရေးအတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် နဘူး-ထို့ကော်ကိုး ကားလမ်းရှိ တည်ဆောက်ပြီး ဒဝယ်ဒါတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တံတားကြံ့ခိုင်ရေးနှင့် မိုးရာသီ ရေစီးချိန်တွင် ချဉ်းကပ်လမ်းနှင့်ကမ်းကပ်ခုံ ရေတိုက်စားမှုမရှိအောင် ကြိုတင်ကာကွယ်မှုအစီအစဉ်များ ပြုလုပ်ထားရန် တာဝန်ရှိသူများအား မှာကြားသည်။

စစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ထို့ကော်ကိုး အခြေခံပညာမူလတန်းလွန်ကျောင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူနှင့်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု *စာမျက်နှာ ၃ ကော်လံ ၁* ■

ကြည့်ရှုစစ်ဆေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့် ကော့ကရိတ်မြို့နယ် နဘူး-ထို့ကော်ကိုး ကားလမ်းကတ္တရာခင်းခြင်း လုပ်ငန်းအား ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တစ်ရက်လျှင် တန်(၅၀၀)ကျ သဘာဝပိုဇိုလန်စက်ရုံ တိုးချဲ့တည်ဆောက်ရေး ကန်ထရိုက်စာချုပ်လက်မှတ်ရေးထိုး

နေပြည်တော် မေ ၉

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jiangsu Pengfei Group Co., Ltd. တို့ ပုပ္ပားရှိ သဘာဝပိုဇိုလန်စက်ရုံ(ပုပ္ပား)၌ တစ်ရက်လျှင် တန်(၅၀၀)ကျ စက်ရုံတိုးချဲ့ တည်ဆောက်ရေးအတွက် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲကို မေ ၆ ရက် ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ Royal Kumudra Hotel ၌ ကျင်းပသည်။

တက်ရောက်

လက်မှတ်ရေးထိုးပွဲသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jiangsu Pengfei Group Co., Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Wang Jia An နှင့်တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Jiangsu Pengfei Group Co., Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Wang Jia An က အမှာစကားပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် နှစ်ဖက်သဘောတူညီချက် ကန်ထရိုက်စာချုပ်ကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် Jiangsu Pengfei Group Co., Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Wang Jia An တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

တိုးချဲ့တည်ဆောက်မည်

ယနေ့လက်မှတ်ရေးထိုးသော ကန်ထရိုက်စာချုပ်မှာ မန္တလေးတိုင်းအတွင်းတည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော စက်တပ်ဆင် အင်အား ၇၉၀ မဂ္ဂါဝပ်ရှိ ရဲရွာရေအား *စာမျက်နှာ ၃ ကော်လံ ၃* ❐

ပုပ္ပားရှိ သဘာဝပိုဇိုလန်စက်ရုံ၌ တစ်ရက်လျှင် တန် (၅၀၀)ကျစက်ရုံ တိုးချဲ့တည်ဆောက်ရေးအတွက် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း တက်ရောက်စဉ်နှင့် နှစ်ဖက်သဘောတူညီချက် ကန်ထရိုက်စာချုပ်ကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် Jiangsu Pengfei Group Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Wang Jia An တို့ လက်မှတ်ရေးထိုးကြစဉ်။

(အမှတ်-၁၊ လျှပ်စစ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

တိုင်းရင်းသားပြည်သူများ ပညာဗဟုသုတ တိုးပွားရေး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ နိုင်ငံတစ်ဝန်း ဖွင့်လှစ်ပေး

နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော် နေထိုင်သည့် ကျေးလက်ဒေသအားလုံးတွင် စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်ရေး နိုင်ငံတော်က ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ပြည်သူများ စာဖတ်သည့်အလေ့အကျင့် ရရှိလာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ စာကြည့်တိုက်များ ဖွင့်လှစ်ပေးနေခြင်း ဖြစ်သည်။

နိုင်ငံတစ်ဝန်း ကျေးရွာပေါင်း ၆၁၉၄၉ ရွာရှိသည့်အနက် ၅၄၇၀၇ ရွာ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

ယင်းကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းမှာ နိုင်ငံတော်၏ အား၊ ဒေသခံ ပြည်သူများ၏အားနှင့် စေတနာရှင် အလှူရှင်များ၏ အားဟူ၍ အားသုံးအား ပေါင်းစည်းညီညွတ်မှုကြောင့်ပင် ဖြစ်သည်။

စာကြည့်တိုက်များထူထောင်ပေးခြင်းဖြင့် တိုင်းရင်းသားပြည်သူများ ပညာဗဟုသုတ တိုးပွားရရှိပြီး စိုက်ပျိုးမွေးမြူရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ပိုမိုဖွံ့ဖြိုးစည်ပင်လာမည်၊ တိုင်းရင်းသားပြည်သူများ၏ တွေးခေါ်မြော်မြင်မှု စွမ်းရည်မြင့်မားလာမည် ဖြစ်သည်။

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအာဏာပိုင်များ၏အား၊ လူမှုရေးအသင်းအဖွဲ့များ၏အား၊ ကျေးရွာအလိုက် စာကြည့်တိုက်ကော်မတီဝင်များနှင့် ဒေသခံပြည်သူများ၏အားနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ အားတို့ဖြင့် စဉ်ဆက်မပြတ် လက်တွဲကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖခင် ဦးကျော်မြ–မိခင် ဒေါ်အေးတင်တို့ကို ရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ် ခပေါင်းလမ်း ခပေါင်းအိမ်ရာ တိုက်(၁) အခန်း၃၀၁နေ ဒေါ်ခင်လေးကဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးတွင် ရေစက်ဝယ်ယူလှူဒါန်းရန် အတွက် မ တည်အလှူငွေကျပ် ၁၀သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေနှင့် တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဟွန်းသံကင်းမဲ့ဇုန် ဆိုင်းဘုတ်များ ထပ်မံတပ်ဆင် မီးပွိုင့်အချက်ပြစနစ် ချို့ယွင်းမှုမရှိရေး ဆောင်ရွက် ပြည်သူလိုအပ်ချက်များ စေတနာထားကူညီ

မြဝတီရုပ်မြင်သံကြား

၁၀–၄–၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြပဟန် ဂီတသံ
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၄း၅၅	၇။	ခါသကြိမ်း အဆိုအကများ
၅း၂၅	၈။	ပညာခေတ်
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၃၀	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၄။	ခါသကြိမ်း အဆိုအကများ
၆း၄၀	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** (အပိုင်း–၅)
၈း၀၀	၁၇။	မြဝတီရုပ်မြင် သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	မွေးမြူသုတ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ဝေဟင်ချစ်သူ** (အပိုင်း–၁၇)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၆ရက် ညနေ ၅ နာရီက ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြောကြား

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်းက ရန်ကုန်မြို့တော် အတွင်း "ဟွန်းသံကင်းမဲ့ဇုန်" ဆိုင်းဘုတ်များ ထပ်မံတပ်ဆင်နိုင်ရေး၊ ရန်ကုန်မြို့တွင်းရှိ မီးပွိုင့်များတွင် လျှပ်စစ်မီးပြတ်တောက်၍ မီးပွိုင့်အချက်ပြ စနစ် ချို့ယွင်းမှု မရှိစေရေး၊ အဝေးပြေး ကားလမ်းမကြီးများတွင် ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းစေရေး၊ တက္ကသိုလ်/ကောလိပ်များ ဖွင့်လှစ်ချိန်၌ ကြို/ပို့ယာဉ်များ အခက်အခဲ မရှိစေရေး စီမံဆောင်ရွက်ကြရန်၊ သင်္ကြန်ကာလအတွင်း အဝေးပြေးယာဉ်လက်မှတ်များ အလွယ်တကူ ဝယ်ယူရရှိနိုင်ရေး၊ အဝေးပြေးကုန်တင်ယာဉ်များ စနစ်တကျရပ်နားပြီး သတ်မှတ်တန်ချိန်အလိုက် စနစ်တကျ တင်ဆောင်နိုင်ရေး၊ဌာနဆိုင်ရာများအနေဖြင့် ပြည်သူ လူထု၏ လိုအပ်ချက်များကို စေတနာထား၍ ကူညီဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီဝင်များက ယာဉ်များဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေတိဂုံစေတီတော် နှစ်ဆန်းတစ်ရက် သောက်ရေသန့်ဘူးများ ဒါနပြုပွဲ

ရန်ကုန် ဧပြီ ၉

၁၃၆၉ ခုနှစ် နှစ်ဆန်းတစ်ရက် ဧပြီ ၁၇ရက် (အင်္ဂါနေ့)တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ် စောင်းတန်းအနီး ဝေနေယျသုခ ဓမ္မာရုံနှင့်ရွှေတိဂုံစေတီတော်အလယ်ပစ္စယာ စောင်းတန်းလေးသွယ် တို့အနီးမှနေ၍ ဝေနေယျ သုခရေချမ်းစင်အသင်း ၁၀၂နှစ်ပြည့် အထိမ်းအမှတ် သောက်ရေသန့်ဘူးပေါင်း သုံးသောင်း(ငွေကျပ်၂၂သိန်းဖိုး)ကိုတစ်နေကုန် စတုဒိသာ ဒါနပြု လှူဒါန်းမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ယခုအထိသောက်ရေသန့်ဘူးပေါင်း ခုနစ်သိန်း လှူဒါန်းပြီးခဲ့သည်ကို သာဓု ခေါ်ဆိုပါရန်နှင့် ရာသက်ပန်သောက်ရေသန့်ရေပဒေသာပင်တစ်ပင်လျှင် အနည်းဆုံး ကျပ်တစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ရန် ဖုန်း–၃၈၁၇၃၆နှင့် ၃၈၃၅၁၁ လိုင်းခွဲ–၁၇၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ရှေ့နေချုပ် ဦးအေးမောင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဧပြီ ၉

ရှေ့နေချုပ် ဦးအေးမောင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အထူးအုပ်ချုပ်ရေးဒေသ မကာအိုမြို့၌ ဧပြီ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့် **"စတုတ္ထအကြိမ်မြောက် တရုတ်-အာဆီယံ ရှေ့နေချုပ်များအစည်းအဝေး"**သို့ တက်ရောက်ရန် ယမန်နေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ရှေ့နေချုပ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား တရားသူကြီးချုပ် ဦးအောင်တိုး၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

ရှေ့နေချုပ် ဦးအေးမောင်နှင့်အတူ ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးတိခွန်မြတ်၊ ဒုတိယညွှန်ကြားရေးမှူးများ ဖြစ်ကြသော ဦးကျော်ဆန်းနှင့် ဦးဇော်လင်းမောင်တို့ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

■ **ရှေ့ဖုံးမှ**

အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ထို့ကော်ကိုး အခြေခံပညာ မူလတန်းကျောင်းဟောင်း၌ ဖွင့်လှစ်နေသော နွေရာသီအခြေခံ ယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပညာရေးဝန်ထမ်းများအား တွေ့ဆုံမှာကြား၍ ကျောင်းသား ကျောင်းသူများအား ဝန်ကြီးနှင့်အဖွဲ့က ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်သည်။

ဖြည့်ဆည်းပေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်နေသော ထို့ကော်ကိုး မြို့တွင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်း အခြေအနေများကိုတင်ပြကြပြီး ဝန်ကြီးက လမ်းလုပ်ငန်းစံချိန်စံညွှန်းမီ၊ အချိန်မီပြီးစီးရေးကိုမှာကြား၍ စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆွေးနွေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ထို့ကော်ကိုး ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ထို့ကော်ကိုးဒေသမှ တိုင်းရင်းသားခေါင်းဆောင်များနှင့် မိသားစုများ၊ ဒေသခံ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး တည်ဆောက် ဆောင်ရွက်နေမှု အခြေအနေများကို ရင်းရင်းနှီးနှီး ဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းက လုပ်ငန်းဆောင်ရွက်မှုနှင့်တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေတို့က ထို့ကော်ကိုးမြို့ပြ တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက ပညာရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်း ရောင်း/စက်အထွေထွေ မန်နေဂျာ ဦးခင်မောင်အေးက တည်ဆောက်ရေး လုပ်ငန်းများအတွက် သစ်ရရှိရေး ဆောင်ရွက်ပေးနေမှု အခြေအနေများလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒေသမှတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များက လိုအပ်ချက်များကို တင်ပြကြသည်။

ဆောင်ရွက်ပေး

တင်ပြချက်များအပေါ် ဝန်ကြီးက ပြန်လည်ရှင်းလင်း ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေး အဆောက်အအုံများ တည်ဆောက်ရာတွင် အပိုင်းလိုက်စနစ်တကျ ဟန်ချက်ညီညီ ဆောင်ရွက်ရေး၊ ရပ်ကွက်တွင်းလမ်းများ မိုးမကျမီ ကျောက်ချောလမ်းခင်းရေး၊ မြို့ရေပေးရေးစနစ်နှင့် မီးလင်းရေးကို အဆောက်အအုံလုပ်ငန်းများနှင့် တစ်ပြိုင်တည်း အပိုင်းလိုက် ဆောင်ရွက်ပေးရေး၊ ရာသီအမီ စိုက်ပျိုးမြေများ ဖော်ထုတ်စိုက်ပျိုးရေးနှင့် မိသားစုများ ကျန်းမာရေး၊ ပညာရေး၊ ဝင်ငွေတိုးရေး၊ သက်သာချောင်ချိရေး လုပ်ငန်းများကို အစီအမံတကျ ဆောင်ရွက်ပေးရေး တို့ကို မှာကြားသည်။

ကျေးဇူးတင်

ထို့နောက် ဝန်ကြီးက ဒေသခံ တိုင်းရင်းသား ခေါင်းဆောင်များထံ လက်ဆောင်ပစ္စည်းများနှင့် မိသားစုများ အတွက် ငါးပိ၊ ငါးခြောက်၊ မီးဖိုချောင်သုံး စားသောက်ကုန်ပစ္စည်းများကို ပေးအပ်သည်။

စစ်ဆေးကြည့်ရှု

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ထို့ကော်ကိုး ယာယီ ဆေးပေးခန်းသို့ ရောက်ရှိရာ လက်ထောက် ကျန်းမာရေးမှူး ဒေါ်နော်ရစ်ထူးနှင့် တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများနှင့် ဆေးပေးခန်း ဆောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပထမအဆင့် ဆောက်လုပ်ပြီးအဆောက်အအုံများ၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်မှ ထုတ်လွှင့်ပေးနေမှု အခြေအနေများ၊ တယ်လီဖုန်းစနစ် တပ်ဆင်ဆက်သွယ် အသုံးပြုနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်ပြီးအိမ်များရှိ မိသားစုများနှင့် သွားရောက်တွေ့ဆုံ၍ မိသားစုများ၏ လိုအပ်ချက်များ၊ နေထိုင်မှု အခြေအနေများကို ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းပြီး နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် မိသားစုဘဝ ဖူလုံမြင့်တင်ရေးကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရန်တို့ကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ် စကားဝိုင်းဆွေးနွေးပွဲ၊ မေ့အားမာန်စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ပေါက်တန်းဒိတ်ကုန်းကျေးရွာ၌ တည်ထားကိုးကွယ်ထားသော လောကမဏိစူဠာစေတီတော်ကို ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြပြီး ဒိတ်ကုန်းပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တနန္ဒိယအား ဝင်ရောက်ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များက သက်ကြီးဘိုး/ဘွားများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ထောက်ပံ့ကြသည်။

ပေးအပ်

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားကို ပေါက်တန်းဒိတ်ကုန်းကျေးရွာ ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးဝင်းက အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို ပေးအပ်ရာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကက လက်ခံပြီး အဖွဲ့ဝင်အသိအမှတ်ပြုကတ်ပြားများပေးအပ်ပြီး ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးကာ ကျေးရွာရှိ စက်ကြီးပန်းထိုး လုပ်ငန်းလုပ်ကိုင်သည့် အမျိုးသမီးများအတွက် အပ်ချုပ်စက်ခြောက်လုံးကို ပေးအပ်သည်။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ ထန်းတပင်မြို့နယ် ပေါက်တန်းဒိတ်ကုန်းကျေးရွာ မေ့အားမာန်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကျန်းမာရေးတာဝန်ခံ ဒေါက်တာဒေါ်လေးခိုင်က ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ပညာပေးဟောပြောသည်။

ကြည့်ရှုအားပေး

ယင်းနောက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များသည် ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျေးရွာရှိအမျိုးသမီးငယ်များနှင့်အတူ အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊စီးပွားရေးနှင့် လူနေမှုဘဝမြင့်မားရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဖြင့် စကားဝိုင်းဖွဲ့ ဆွေးနွေးကြပြီး ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ စက်ပန်းထိုးလုပ်ငန်းကို ကြည့်ရှုအားပေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေသည် ပေါက်တန်း ဒိတ်ကုန်းကျေးရွာ မေ့အားမာန် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးပြီးစာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြကာ စာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းကြသည်။

ထောက်ပံ့

ထို့နောက် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များသည် ပေါက်တန်းကျေးလက် ကျန်းမာရေးဌာနခွဲ၌ ကျေးရွာရှိ ကိုယ်ဝန်ဆောင်မိခင်များအားကျန်းမာရေးစောင့်ရှောက်မှု ပေးနေမှုကို ကြည့်ရှုအားပေးကြပြီး အားဆေးများ၊ အိုင်အိုဒင်းဆားများ၊ ဆေးဝါးများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ **ရှေ့ဖုံးမှ**

လျှပ်စစ်စီမံကိန်းတွင် (R.C.C) ကွန်ကရစ် တမံတည်ဆောက်ရာ၌ အသုံးပြုနေသည့် သဘာဝပိုဇိုလန်များကို ပုပ္ပားဒေသရှိ တစ်ရက်လျှင် တန်၁၀၀၀ကျ သဘာဝပိုဇိုလန်စက်ရုံ (ပုပ္ပား)မှ ထုတ်လုပ် ပေးလျက်ရှိသည်။ ထပ်မံ တည်ဆောက်မည့် (R.C.C) ကွန်ကရစ်တမံဖြင့် ပြုလုပ်မည့် ရေအားလျှပ်စစ်စီမံကိန်းများအတွက် ပုပ္ပားဒေသမှာပင် တစ်ရက်တန် ၅၀၀ ကျ သဘာဝပိုဇိုလန်စက်ရုံ(၁)ရုံ ထပ်မံတိုးချဲ့ တည်ဆောက်ရေးအတွက် လိုအပ်သော စက်ပစ္စည်းများ ဝယ်ယူတပ်ဆင်၍ စက်လည်ပတ်ရန် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာ့ရုပ်မြင်သံကြား

၁၀-၄-၂၀၀၇ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ကဗျာပန်းဥယျာဉ်
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၀၅	၇။	နှောင်းခေတ်တေးပဒေသာ
၈:၁၅	၈။	ဝမ်ပုံရေလှောင်တမံ
၈:၂၀	၉။	ခါသင်္ကြန်အဆိုအကများ
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Let's Go
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(မြန်မာစာအထူးပြု) [မြန်မာစာ]
၁၆:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၆:၅၅	၅။	ခါသင်္ကြန်အဆိုအကများ
၁၇:၀၅	၆။	**"ဆွေမျိုးတော်ပေမယ့်"** ဒုရဲမှူးတင်လင်း၊ ဆောင်းအိမ်ဒွေးထွန်း၊ ဇေဒါ (ဒါရိုက်တာ-သက်တင်)
၁၇:၁၀	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၈။	ညနေခင်းသတင်း
၁၈:၃၀	၉။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၀။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၁၈:၅၀	၁၁။	မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်(၁၃၆၇ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်၊ မဟာသင်္ကြန်အကြတ်နေ့)
၁၉:၀၀	၁၂။	မြတ်နိုးတန်ဖိုးထား အာဆီယံ ယဉ်ကျေးမှုအမွေအနှစ်များ
၁၉:၁၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သစ္စာ ဘဝပင်ခြားသော်လည်း"** (အပိုင်း-၁၁)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရေသူမလေး ဒုတိယချစ်ပုံပြင်"** (အပိုင်း-၂)

အရှင်စန္ဒသာရ (ကျောင်းကုန်း) အထူးတရားပွဲ

ရန်ကုန် ဧပြီ ၉

မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်၏ ကမ္မဋ္ဌာနစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက ဓမ္မာစရိယ အရှင်စန္ဒသာရ (ကျောင်းကုန်း) အရှင်သူမြတ်သည် ဧပြီ ၁၂ရက် ည ၇ နာရီတွင် ဖျာပုံမြို့ ထန်းပင် ပရိယတ္တိစာသင်တိုက် မဏိရတနာ အမှတ်(၁)ကျောင်းဆောင်ကြီး၌ အလှူဒါယကာ ကိုအောင်ခိုင်-အလှူဒါယိကာမ မကြူကြူ မိသားစုတို့၏ သိင်္ဂါထပ် ရဟန်းခံရှင်ပြု အလှူတော် အောင်ပွဲမွေ့သဘင်တွင်တရားဟောကြားမည်ဖြစ်သည်။ ဖုန်း-၀၉-၅၁၄၇၄၄၈ နှင့် ၀၄၆-၄၀၄၉၈တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် နှလုံးသွေးကြောရောဂါ

ပါမောက္ခ ဒေါ်ခင်မေစန်း

နှလုံးနှင့်သွေးကြောရောဂါများသည် တစ်ကမ္ဘာလုံးနည်းတူ မြန်မာနိုင်ငံတွင် အဖြစ်များလာသည်ကို တွေ့ရှိနေရပါသည်။ မြန်မာနိုင်ငံတွင် ဤရောဂါများကို ဖြစ်စေသော အဓိကကျသော အခြေခံအကြောင်းအရာများသည် ဆေးလိပ်သောက်ခြင်းနှင့် သွေးတိုးခြင်းတို့ကြောင့်ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။

ဆေးလိပ်သောက်သုံးသည့် အလေ့အကျင့်သည် အမေရိကတိုက် အင်းဒရင်းလူမျိုးတို့ထံမှ ကိုလံဘတ်(စ်) ဥရောပတိုက်သို့ သယ်ဆောင်လာသည်မှ စတင်ခဲ့သည်။ ၂၀ ရာစုကျော်လာချိန်တွင် ဆေးလိပ်သောက်သည့် အလေ့အကျင့်သည် ရေပန်းစားလာပြီး အမျိုးသားများသာမက အမျိုးသမီးများပါ သောက်သုံးလာကြသည်။ ဤအလေ့အကျင့် ခေတ်စားလာသည်နှင့်အမျှ အဆုတ်ကင်ဆာရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နှုန်းများ တရိပ်ရိပ်တက်လာသည်ကို ဆေးပညာရှင်များက သတိပြုမိလာကြရာ အဆိုပါရောဂါများနှင့် ဆေးလိပ်သောက်ခြင်း၏ ဆက်စပ်မှုကို ၁၉၅၀ ပြည့်နှစ်မှစ၍ သုတေသနပြု လေ့လာခဲ့ကြသည်။ သုတေသီများ၏ တွေ့ရှိချက်အရ ဆေးလိပ်ကြောင့် ရောဂါဖြစ်ကြောင်းကို ၁၉၆၄ ခုနှစ်တွင် ဆေးပညာလောက၌ အတိအလင်း ကြေညာပြီးနောက် ၁၉၈၃ ခုနှစ်တွင် ဆေးလိပ်သည် နှလုံးသွေးကြောရောဂါကို ဖြစ်စေသည့် အကြောင်းအချက်တို့တွင် အဓိကကျရုံသာမက ဆေးလိပ်ဖြတ်ခြင်းဖြင့် ထိရောက်စွာ ကာကွယ်နိုင်ကြောင်းကိုလည်း သိရှိနားလည်လာကြသည်။ ၁၉၈၉ ခုနှစ်တွင် ဆေးလိပ်သောက်ပါက နှလုံးသွေးကြောကျဉ်းရောဂါနှင့် နှလုံးသွေးကြောပိတ်ခြင်းတို့ ဆေးလိပ်မသောက်သူထက် ၅၀ ရာခိုင်နှုန်း ပို၍ဖြစ်ကြောင်း၊ အမျိုးသား၊ အမျိုးသမီးမရွေး ဆေးလိပ်အရေအတွက်များလေ၊ သောက်သည့်ကာလ ကြာရှည်လေ၊ ရောဂါဖြစ်နှုန်းများလေဟူသော ဆက်နွယ်မှုကြီးကိုလည်း တစ်ဆင့်တိုး၍ သိရှိလာကြပြန်သည်။ ဤကဲ့သို့ ခိုင်မာလှသည့် သက်သေသာဓကများကြောင့် ဆေးလိပ်၏အန္တရာယ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအပါအဝင် ကျန်းမာရေးအသင်းအဖွဲ့များက ကမ္ဘာကို အသိပညာပေး နှိုးဆော်လာကြသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးတို့တွင် ပါဝင်သော ဓာတုပစ္စည်းများ

ဆေးလိပ်နှင့် ဆေးရွက်ကြီးတွင် လူ၏ကိုယ်ခန္ဓာကို အန္တရာယ်ပြုစေနိုင်သည့် ဓာတုပစ္စည်းအမျိုးပေါင်း ၂၀၀၀ ခန့်ပါဝင်သည်။ ထိုဓာတုပစ္စည်းများတွင် နီကိုတင်း၊ တားခေါ် ကတ္တရာဓာတ်နှင့် ကာဗွန်မိုနောက်ဆိုက်ဓာတ်တို့လည်း ပါဝင်ကြသည်။

(၁) ဆေးလိပ်တွင်ပါဝင်သည့် နီကိုတင်းဓာတ်သည် စိတ်ကိုစွဲလမ်းစေသော အာနိသင်ရှိသည်။ နှလုံးခုန်နှုန်းကိုမြန်စေ၍ သွေးပေါင်ချိန်ကို တက်စေသဖြင့် နှလုံးကိုသာမန်ထက်ပိုပြီး အလုပ်လုပ်စေသည်။ သွေးလွှတ်ကြောများကိုလည်းကျုံ့စေခြင်းဖြင့် ကိုယ်အင်္ဂါရပ်များသို့ လျှောက်သွားသော သွေးပမာဏကို နည်းစေသည်။

(၂) တားခေါ် ကတ္တရာဓာတ်သည် မီးခိုးခေါင်းတိုင်တွင် ကျပ်ခိုးများပိတ်ဆို့သကဲ့သို့ အဆုတ်၏လေပြွန်များကို ပိတ်စေပြီးအသက်ရှူကျပ်စေသည်။

(၃) ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့သည် ဆေးလိပ်ငွေ့ထဲတွင်ပါရှိပြီး နှလုံးခုန်နှုန်းကို မြန်စေသည်။ သွေးထဲတွင် အောက်ဆီဂျင်ဓာတ်၏နေရာကိုယူခြင်းဖြင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများစွာအား လိုအပ်သည့် အောက်ဆီဂျင်ဓာတ် အရနည်းစေသည်။

အထက်ဖော်ပြပါ ဓာတုပစ္စည်းများအပြင် ပိုးသတ်ဆေး၊ ကြွက်သတ်ဆေး၊ ပရုတ်လုံး၊ ကြမ်းတိုက်ဆေး၊ ခြင်နိုင်ဆေး၊ သုတ်ဆေး၊ ချွတ်ဆေး၊ မော်တော်ကားဘက်ထရီထဲထည့်သည့် ဓာတုဆေးရည်၊ မီးခြစ်ထဲထည့်သော ဓာတ်ငွေ့ရည် စသည်တို့တွင်ပါဝင်သော အဆိပ်များနှင့် အလားတူသည့် အခြားမြောက်မြားစွာသော အဆိပ်များလည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးတွင် ပါဝင်လျက်ရှိပါသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးတို့၏ မကောင်းသောအကျိုးသက်ရောက်မှု

ယခုမျက်မှောက်ကာလတွင် ကမ္ဘာပေါ်၌ ဆေးလိပ်နှင့်ဆေးရွက်ကြီးတို့ကြောင့် အသက်ဆုံးရှုံးသူ လူဦးရေပေါင်း တစ်နှစ်လျှင် ငါးသန်းရှိသည်ဟု သိရပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းချက်အရ ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့ကြောင့် အသက်ဆုံးရှုံးရသည့် ပမာဏသည် အေအိုင်ဒီအက်စ်(ခေါ်)ခုခံအားကျဆင်းသည့်ရောဂါ၊ အရက်နှင့် မူးယစ်ဆေးဝါးကြောင့် သေဆုံးမှု၊ မတော်တဆ ထိခိုက်ဒဏ်ရာရရှိ၍ သေဆုံးမှုတို့ စုပေါင်းထားသည့် အသက်ဆုံးရှုံးသူလူဦးရေထက် များနေပါသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့ကြောင့် အသက်ဆုံးရှုံးရသည့် ပမာဏသည် လက်ရှိနှုန်းထားအတိုင်း ဆက်သွားမည်ဆိုလျှင် ၂၀၂၅ ခုနှစ် တွင် ၁၀ သန်းအထိ ဖြစ်မည်ဟု ကြိုတင်တွက်ချက်၍ရပါသည်။ ယခု ၂၁ ရာစုတွင် ဆေးလိပ်သုံးစွဲမှု အလေ့အထကြောင့် လူဦးရေ သိန်း ၁၀၀၀ အသက်ဆုံးရှုံးရမည်ဖြစ်ကြောင်းနှင့် ဤဖော်ပြပါ ကိန်းဂဏန်းသည်ပြီးခဲ့သည့် ၂၀ ရာစုထက် ၁၀ ဆဖြစ်သည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးနှိုးဆော်ထားပါသည်။

မြန်မာနိုင်ငံတွင် သုတေသနများအရ လွန်ခဲ့သော ၁၀ နှစ်ကြာကာလက ဆေးလိပ်သောက်သည့်နှုန်းမှာ ရာခိုင်နှုန်း ၆၀ ခန့်ရှိခဲ့ရာမှ ယခုလက်ရှိနှုန်းထားမှာ ၃၀ရာခိုင်နှုန်းဖြစ်သည်ဟု သိရှိရပါသဖြင့် ကျေနပ်အားရဖွယ်ဖြစ်သော်လည်း ရန်ကုန်နှင့် မန္တလေး ဆေးရုံကြီးများရှိ နှလုံးအထူးကြပ်မတ်ဆောင်များတွင် တက်ရောက်ကုသသည့် နှလုံးသွေးကြောပိတ်လူနာများတွင် ၅၀ မှ ၆၀ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်သူများ ဖြစ်ကြသည်။ ယင်းလူနာများ၏ ၅၀ –၆၀ရာခိုင်နှုန်း၌ သွေးတိုးရောဂါရှိကြသဖြင့် ဆေးလိပ်နှင့် သွေးတိုးရောဂါတို့သည် မြန်မာနိုင်ငံတွင် နှလုံးသွေးကြောရောဂါဖြစ်စေသည့် အဓိကတရားခံများ ဖြစ်ကြသည်ဟု ကောက်ချက်ချရမည်ဖြစ်ပါသည်။ သို့ပါ၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့သည် ကမ္ဘာတစ်ဝန်းရှိ လူသားတို့၏ ကျန်းမာရေးနှင့် သက်တမ်းစေ့ နေထိုင်နိုင်ရေးအတွက် အကြီးမားဆုံးသောအဟန့်အတားဖြစ်ပြီး ထိရောက်စွာ ကာကွယ်သင့်သော အန္တရာယ်ကြီးဖြစ်သည်ဟုဆိုလျှင် မှားမည်မဟုတ်ပါ။

ဆေးလိပ်သည် အရွယ်မရွေး ကျန်းမာရေးနှင့် အသက်ကိုပါ အန္တရာယ်ပြုသည်။ ဆယ်ကျော်သက်အရွယ်မှ ဆေးလိပ်စသောက်ပါက ဆေးလိပ်သောက်သည့် လူငယ်ဦးရေ၏တစ်ဝက်သည် ဆေးလိပ်နှင့်ပတ်သက်သည့် ရောဂါတစ်စုံတစ်ခုကြောင့် လူလတ်ပိုင်းအရွယ်တွင် အသက်ဆုံးရှုံးနိုင်ပါသည်။ သက်တမ်းမစေ့မီ ၂၄ နှစ်မှ ၂၆ နှစ်အထိစောပြီး အသက်ဆုံးရှုံးနိုင်သည်သာမက အသက်ရှင်လျက်ရှိသည့်ကာလမှာလည်း ရောဂါဖိစီးသည့် ဒဏ်ကို ခံစားရမည်ဖြစ်ပါသည်။

ဆေးလိပ်သောက်သူ၏ ဘေးထွက်ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့် ကလေးသူငယ် အများအပြားသည် အဆုတ်နှင့် လေပြွန်ချောင်းရောဂါများကြောင့်လည်းကောင်း၊ အရွယ်ရောက်သူ လူလတ်များနှင့်လူကြီး အမြောက်အမြားသည် အဆုတ်နှင့်လေပြွန်ရောဂါ၊ ကင်ဆာရောဂါ၊ နှလုံးရောဂါတို့ကြောင့်လည်းကောင်း အသက်ဆုံးရှုံးရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထပ်မံ၍ သတိပေးထားပါသည်။

ဆေးလိပ်သောက်သုံးသည့် ကိုယ်ဝန်ဆောင်မိခင်တွင် သားအိမ်အတွင်းရှိ သန္ဓေသားပျက်ကျနိုင်ပြီး ကလေးအသေ မွေးဖွားခြင်း၊ ပေါင်ချိန်မပြည့်ဘဲ မွေးဖွားခြင်းစသည်တို့ ဖြစ်နိုင်သဖြင့် ဆေးလိပ်သည် အရွယ်မရွေး၊အချိန်အခါမရွေး လူကိုအန္တရာယ်ဖြစ်စေသည်ဟု ဆိုရပါမည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးတို့ကြောင့်ဖြစ်သောရောဂါများ

(၁) ကင်ဆာရောဂါများဖြစ်နိုင်ပါသည်။ ပါးစပ်နှင့်ခံတွင်း၊လည်ချောင်း၊ အဆုတ်နှင့်လေပြွန်၊ အသံအိုး၊ အစာပြွန်၊ ဆီးအိမ်၊ ကျောက်ကပ်၊ ပန်းခရိုရပ်နှင့် သားအိမ်ခေါင်း စသည်တို့တွင် ကင်ဆာရောဂါ ဖြစ်နိုင်ပါသည်။

(၂) လေပြွန်ယောင်ခြင်းနှင့် အဆုတ်ပွရောဂါတို့ ဖြစ်နိုင်ပါသည်။ ဆေးလိပ်ငွေ့ကြောင့် လေပြွန်များ၏ နံရံရှိအမွေးငယ်များ ပျက်စီးရပြီး၊ ဖုန်၊ အမှိုက်၊ ပိုးမွှားနှင့် ချွဲသလိပ်များကို မဖယ်ရှားနိုင်တော့သည့်ပြင် လေပြွန်ကြွက်သားများ ကျုံ့သောကြောင့် ဆေးလိပ်သောက်သူတို့သည် အသက်ရှူကျပ်လာသည်။ အောက်ဆီဂျင်ဓာတ်မလုံလောက်၍ တစ်ကိုယ်လုံးပြာလာသည်အထိခံစားရတတ်သည်။ နှလုံး၏လက်ယာဘက်အခန်းကြီးပြီး၊ နှလုံးညှစ်အားနည်းရောဂါကြောင့်မောခြင်း၊ ဖောခြင်းတို့ ဖြစ်လာမည်။ အဆုတ်ပွရောဂါနှင့် အဆုတ်ပွနှလုံးရောဂါ ဖြစ်စေသည့် အကြောင်းရင်း၏ ၈၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်သည်။

(၃) နှလုံးနှင့် သွေးကြောရောဂါများကို ဖြစ်စေသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့ကြောင့် သွေးလွှတ်ကြောတို့၏ နံရံများပျက်စီးလာကာ အဆီများပိတ်ဆို့ပြီး၊ နှလုံးသွေးကြောကျဉ်းရာမှ နှလုံးသွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောကျဉ်းရာမှ သွေးကြောပိတ်ပြီး လေဖြတ်ခြင်း၊ ခြေ၊လက်များ၏ သွေးကြောများပိတ်သဖြင့် ခြေ၊ လက်ပုပ်ခြင်း စသည်တို့ ဖြစ်နိုင်သည်။ သွေးတိုးရောဂါဖြစ်ခြင်းကို အားပေးသည့်ပြင် သွေးကျဆေးများ၏ အာနိသင်ကိုလျော့စေသည်။ သွေးလွှတ်ကြောအကြီးများ၏ နံရံပျက်ပြား၍ ဖောင်းလာပြီး သွေးကြောပေါက်သည်အထိလည်း ဖြစ်လာနိုင်ပါသည်။ ဆေးလိပ်စသောက်သည့် အရွယ်ငယ်လေလေ ဆေးလိပ်အန္တရာယ်များလေလေ ဖြစ်သည်။ ဆယ်ကျော်သက်အရွယ်မှစ၍ ဆေးလိပ်သောက်သူများ လူလတ်ပိုင်းသို့ရောက်လာလျှင် ဆေးလိပ်မသောက်သူများထက် နှလုံးသွေးကြောပိတ်ရန် လေးဆမှခြောက်ဆ ပိုများသည်။ အမျိုးသမီးများ ဆေးလိပ်သောက်ပါက ဆေးလိပ်မသောက်သူများထက် ခြောက်ဆမှကိုးဆပို၍ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်သည်။ အမျိုးသမီးများ၏ သွေးကြောကျဉ်းရောဂါများကို အကာအကွယ်ပေးသော "မ"ဟော်မုန်း ဓာတ်သဘာဝကို ဆေးလိပ်က ပြောင်းစေသောကြောင့် ဖြစ်ပါသည်။ အထူးသတိပြုရန်မှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့ကြောင့် အသက်ဆုံးရှုံးမှုများတွင် နှလုံးသွေးကြောပိတ်ခြင်းသည် အကြီးဆုံးသော တရားခံဖြစ်သည်။

(၄) မျိုးဆက်ပြန့်ပွားရေးကို ပျက်စီးစေနိုင်သည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီး သောက်သုံးသည့် အမျိုးသားများသည်ပန်းသေရောဂါဖြစ်တတ်ပြီး၊ ကျားသုက်ပိုးအရေအတွက် နည်းလာသည်။ အမျိုးသမီးများမှာ မြို့တတ်ကာ ကိုယ်ဝန်ဆောင်လျှင်လည်း ကိုယ်ဝန်သားပျက်ကျခြင်း၊ ကလေးအသေ မွေးဖွားခြင်း၊ လမစေ့၊ ပေါင်ချိန်မပြည့်သောကလေး မွေးခြင်းတို့ကြောင့် ကလေးအဖတ်မတင်တတ်ပါ။

(၅) ဆေးလိပ်သောက်သုံးလျှင် အတွင်းတိမ်ဖြစ်တတ်ပြီး မျက်စိအမြင်လွှာကို ပျက်စီးစေသောကြောင့် အမြင်အာရုံ ဆုံးရှုံးတတ်ပါသည်။

(၆) ဆေးလိပ်နှင့် ဆေးရွက်ကြီးသည် ခံတွင်း၊ ဆံပင်၊ လက်၊ အဝတ်အထည်တို့ကို အနံ့ဆိုးစေပြီး၊ သွားနှင့်လက်များကို ညစ်ပေသောအစွန်းထင်စေကာ မျက်နှာတွင် အသားအရေ တွန့်စေသည်။ ထို့ကြောင့် အရွယ်ကိုကျစေသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးကြောင့်ဖြစ်တတ်သော ကိုယ်ခန္ဓာပျက်ပြားမှုများကို စာရင်းပြုစုပါလျှင် အသိပညာတိုးလာသည့်အလျောက် ယခုထက် နောင်ကာလတွင် ပို၍တိုးလာမည်မှာ အမှန်ပင်ဖြစ်သည်။အစီခံပါသော၊ ကတ္တရာဓာတ်နည်းသော၊ နီကိုတင်းဓာတ်နည်းသော စသည်ဖြင့် မည်သို့ပင် ကြေညာသော်လည်း ကျန်းမာရေးကို ထိခိုက်မည် ဖြစ်ပါသည်။

ဆေးလိပ်တစ်လိပ်သောက်ရုံမျှနှင့်ကျန်းမာရေးထိခိုက်နိုင်ပါသလား

ဆေးလိပ်တစ်လိပ်သောက်ရုံမျှနှင့် သင်၏သွေးပေါင်ချိန် တိုးပြီး နှလုံးခုန်နှုန်း မြန်လာမည်။ ကိုယ်ခန္ဓာအနှံ့အပြား သွေးလည်ပတ်မှုနည်းလာ၍ အောက်ဆီဂျင်ဓာတ်အရ နည်းလာမည်။ ဆေးလိပ်တစ်လိပ်သည် အသက်ကို ရှစ်မိနစ် တိုစေသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးတို့၏ အန္တရာယ်ပမာဏ

ဆေးလိပ်နှင့်ဆေးရွက်ကြီး သောက်သုံးသူများသည် မသောက်သုံးသူများထက်

(၁) အဆုတ်ကင်ဆာဖြစ်နှုန်း ၂၀ မှ ၂၅ ဆပိုသည်။

(၂) နှလုံးသွေကြောပိတ်နှုန်း နှစ်မှ သုံးဆပိုသည်။

(၃) ရုတ်တရက် သေဆုံးခြင်း သုံးဆပိုဖြစ်သည်။

(၄) မကျန်းမာသော ကာလစုစုပေါင်း ၃၀ ရာခိုင်နှုန်း–၆၀ ရာခိုင်နှုန်း ပိုသည်။

ဆေးလိပ်သောက်တတ်သော အမျိုးသားသည် ဆေးလိပ်မသောက်သူထက် (၇–၈)နှစ်စော၍ နှလုံးသွေးကြောပိတ်သည်။ ဆေးလိပ်သောက်တတ်သော အမျိုးသမီးသည် ဆေးလိပ်မသောက်သူထက် ၁၆–၁၉ နှစ်စော၍ နှလုံးသွေးကြောပိတ်သည်။ ဆေးလိပ်သောက်တတ်သော အမျိုးသမီးသည် ကိုယ်ဝန်တားဆေးကိုပါ တစ်ပြိုင်တည်း သောက်သုံးလျှင် နှလုံးသွေးကြောပိတ်ခြင်းနှင့် လေဖြတ်ခြင်းတို့ အဆပေါင်း ၂၀ ပိုဖြစ်သည်။

ပတ်ဝန်းကျင်လေထုထဲရှိ ဘေးထွက်ဆေးလိပ်ငွေ့

ဆေးလိပ် မသောက်တတ်သော်လည်း ဆေးလိပ်သောက်သူနှင့် အနီးကပ်နေထိုင်ရသူသည် ပတ်ဝန်းကျင်လေထုထဲတွင်ရှိသော ဆေးလိပ်ငွေ့ကို အမြဲတစေရှူရှိုက်နေရပါသည်။ ယင်းဘေးထွက် ဆေးလိပ်ငွေ့သည် မီးညှိထားသော ဆေးလိပ်နှင့် ဆေးလိပ်သောက်သူက မှုတ်ထုတ်လိုက်သော အခိုးအငွေ့များဖြစ်သည်။ ဘေးထွက်ဆေးလိပ်ငွေ့ထဲ၌ အန္တရာယ်ဖြစ်စေသော အဆိပ်ဓာတုပစ္စည်း မြောက်မြားစွာပါသဖြင့် ပတ်ဝန်းကျင်လေထုနှင့် ရောစပ်ထားသော်လည်း ရောဂါများဖြစ်စေသည်။ ဘေးထွက်ဆေးလိပ်ငွေ့၌ ဆေးလိပ်သောက်သူ ရှူရှိုက်သည့် ပင်မဆေးလိပ်ငွေ့ထက် နီကိုတင်းနှင့် ကတ္တရာဓာတ် သုံးဆပိုများသဖြင့် ကင်ဆာရောဂါကို အဆပေါင်း ၅၀ ပို၍ဖြစ်စေသည်ဟု သိရှိရပါသည်။ ဘေးထွက်ဆေးလိပ်ငွေ့သည် ဆေးလိပ်သောက်သူများ၏ အိမ်ထောင်ဘက်များတွင် သာမန်လူများထက် ကင်ဆာရောဂါများနှင့် နှလုံးသွေးကြောပိတ်ရောဂါများကို ပို၍ဖြစ်စေသည်။ ဘေးပတ်ဝန်းကျင်ရှိ လူတို့၌ အသက်ရှူလမ်းကြောင်းပြဿနာများနှင့် အဆုတ်နှင့် နှာခေါင်းကင်ဆာရောဂါများ ဖြစ်စေသည်။ ဘေးထွက်ဆေးလိပ်ငွေ့သည် မျက်စိ၊ နှာခေါင်းနှင့်လည်ချောင်းတို့ကို ယားယောင်ခြင်း ဖြစ်စေသည်။ တစ်နေ့လျှင် ဆေးလိပ်အလိပ် ၂၀ မျှ နေ့စဉ်သောက်သူများနှင့် အတူနေပြီး ဘေးထွက်ဆေးလိပ်ငွေ့ကို အမြဲတစေ ရှူရှိုက်နေရသူသည် မိမိကိုယ်တိုင် ဆေးလိပ် တစ်နေ့သုံးလိပ် သောက်သကဲ့သို့ ကျန်းမာရေးအန္တရာယ်ရှိသည်။ သာမန်လူများထက် နှလုံးသွေးကြောပိတ်နှုန်း ၂၀၊ ၃၀ ရာခိုင်နှုန်းပိုများသည်။ မွေးကင်းစကလေးများနှင့် အရွယ်မရောက်သေးသော ကလေးသူငယ်များသည် အတူနေလူကြီးတစ်ယောက်၏ ဘေးထွက်ဆေးလိပ်ငွေ့ကြောင့် ကိုယ်အလေးချိန်ပုံမှန်ထက် လျော့နည်းခြင်း၊ ရုတ်တရက်အိပ်ရင်း အသက်ရှူရပ်ပြီးသေဆုံးခြင်း၊ လေပြွန်နှင့်အဆုတ်ယောင်ခြင်း၊ နားကိုက်၊ နားပြည်ယိုခြင်း၊ ရင်ကျပ်ပန်းနာဖြစ်ခြင်း၊ အဆုတ်ကြီးထွားမှုနှေးခြင်းတို့နှင့် ကြုံတွေ့ရတတ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ကမ္ဘာ့ကလေးဦးရေထက်ဝက်ဖြစ်သည့် ကလေးပေါင်း သန်း ၇၀၀ သည် နေ့စဉ်နှင့်အမျှ မိမိတို့၏နေအိမ်တွင်းမှာပင် လေထုထဲရှိ ဘေးထွက်ဆေးလိပ်ငွေ့ကို ရှူရှိုက်လျက်ရှိကြသည်။ ဆေးရွက်ကြီးကိုပုံစံအမျိုးမျိုးနှင့်(ဥပမာ– ကွမ်းယာ)စားသုံးခြင်းသည် ခံတွင်းကင်ဆာရောဂါ ဖြစ်စေသော အရေးကြီးဆုံး အကြောင်းအချက် ဖြစ်ပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

မိုးကုတ်ဝိပဿနာ တရားသင်တန်း ဖွင့်မည်

ရန်ကုန် ဧပြီ ၉

ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံကြီးတွင် (၁၅)ကြိမ်မြောက် မိုးကုတ်ဝိပဿနာတရားသင်တန်း၌ ဓမ္မကထိက ဆရာကြီးဦးစိန်ဝက ခန္ဓာဉာဏ် ရောက် ပဋိစ္စသမုပ္ပာဒ်နှင့်သစ္စာလေးပါးတရားတော်များကို ကျေးဇူးရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဧပြီ ၁၈ရက်မှ ၂၂ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ၄နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်နာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း သင်ကြားရေး၊ အုပ်ချုပ်ရေး၊ သုတေသနကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဧပြီ ၉

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသုခနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၆ရက် နံနက်ပိုင်းက တောင်ငူမြို့ တောင်ငူတက္ကသိုလ်သို့ ရောက်ရှိ၍ တက္ကသိုလ်၏သင်ကြားရေး၊ အုပ်ချုပ်ရေးနှင့် သုတေသနကိစ္စများ ဆွေးနွေးမှာကြားပြီး ဖွင့်လှစ်လျက်ရှိသော ပဲခူးတိုင်း(အရှေ့) အခြေခံပညာအထက်တန်းအဆင့် ဓာတုဗေဒ၊ ဇီဝဗေဒဘာသာပြဆရာများ မွမ်းမံသင်တန်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပါမောက္ခ၊ ဌာနမှူးများက ဌာနအလိုက်သင်ကြားရေးကိစ္စများနှင့်သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည် များကို ဖြည့်စွက်မှာကြားပြီး လိုအပ် ချက်များ ဖြည့်ဆည်းဆောင်ရွက် ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တောင်ငူတက္ကသိုလ်၌ ဖွင့်လှစ်လျက်ရှိသော ပဲခူးတိုင်း(အရှေ့) အခြေခံပညာအထက်တန်းအဆင့် ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာပြဆရာများ မွမ်းမံသင်တန်းသို့ သွားရောက်ကာ သင်တန်းသား၊ သင်တန်းသူများ၏လက်တွေ့လုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို မှာကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ ပဲခူးတိုင်း(အရှေ့)ရှိ မြို့နယ် ခြောက်မြို့နယ်မှ သင်တန်းသား ဆရာ ဆရာမ ၈၂ ဦး တက်ရောက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် တောင်ငူပညာရေးကောလိပ်သို့ ရောက်ရှိကြရာ ဒုတိယကျောင်းအုပ်ကြီး ဒေါ်နုနုရီက သင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက်ဘာသာရပ်ဌာနအလိုက် ဆရာ ဆရာမများက သင်ကြားမှုအခြေအနေကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ဌာနအသီးသီး၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်-၇၁(၅လွှာ)၊ ၆-လမ်း၊ လမ်းမတော်မြို့နယ်နေ ဦးဝင်းအောင်-ဒေါ်နယ်လီအေး၊ သမီး နန်းမိုခမ်း၊ သား စိုင်းနော်ခမ်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်နေသော ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် ၅၇၆၀၀၀လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။
(က-ပ)

ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ကာကွယ်ရေး ကွင်းဆင်းဆွေးနွေး ပညာပေးလုပ်ငန်းဆောင်ရွက်မည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ကာကွယ်တားဆီးရေးလုပ်ငန်းခွင် ကွင်းဆင်းဆွေးနွေး ပညာပေးလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်

ရန်ကုန် ဧပြီ ၉

၁။ **ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှု။** ။ ၂၈-၂-၂၀၀၇ရက်မှ ၃၀-၃-၂၀၀၇ ရက်အထိ ရန်ကုန်တိုင်းအတွင်း မရမ်းကုန်း၊ လှိုင်သာယာ၊ မြောက်ဥက္ကလာပ၊ မင်္ဂလာဒုံ၊ မှော်ဘီမြို့နယ် ငါးမြို့နယ်အတွင်း ကြက်ခြံလေးခြံ၊ ဘဲ၊ ရစ်၊ ငုံးခြံတစ်ခြံစီ စုစုပေါင်းခြံခုနစ်ခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါ H5N1 ဖြစ်ပွားခဲ့ကြောင်း။

၂။ **ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါတားဆီးထိန်းချုပ်ခြင်း။** ။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်တားဆီးထိန်းချုပ်ရေးအစီအစဉ်အရ ရောဂါဖြစ်ပွားမှုအပေါ် ရောဂါရှာဖွေစူးစမ်းလေ့လာခြင်း၊ ဆောလျင်စွာ စစ်ဆေးဖော်ထုတ်ခြင်း၊ ဆောလျင်စွာ အသိပေးခြင်း၊ ဆောလျင်စွာ အရေးယူဆောင်ရွက်ခြင်း၊ အထိရောက်ဆုံးထိန်းချုပ်ခြင်း(Effective Containmant)၊ ကန့်သတ်ဇုန်၊ ထိန်းချုပ်ဇုန်များသတ်မှတ်သုတ်သင်ဖျက်ဆီးခြင်း၊ သယ်ယူရွှေ့ပြောင်း ရောင်းချမှုကန့်သတ်ခြင်းများ စီမံဆောင်ရွက်ခဲ့ကြောင်း။

၃။ **လုပ်ငန်းခွင် ကွင်းဆင်းဆွေးနွေးပညာပေးလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်။** ။ ၇-၄-၂၀၀၇ရက်တွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း UNICEF၊ အစိုးရမဟုတ်သောအဖွဲ့အစည်း(Care Myanmar)၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ဗဟို)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်ဆေးကုဆရာဝန် ဝန်ထမ်း၂၇ဦးတို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ ရောဂါထပ်မံမဖြစ်ပွားရေး၊ တိရစ္ဆာန်မှ လူသို့ ကူးစက်မှုမရှိရေး၊ ဇီဝလုံခြုံရေး၊ ဇီဝအန္တရာယ်ကင်းရှင်းရေး၊ ပြည်သူလူထုဆက်သွယ်အသိပေးရေး ဦးဆောင်ဆွေးနွေးမှု အလုပ်ရုံသင်တန်းပို့ချဖွင့်လှစ်ခဲ့ကြောင်း။

၄။ **တိရစ္ဆာန်ကျန်းမာရေးပူးပေါင်းဆောင်ရွက်ရေး။** ။ ၉-၄-၂၀၀၇ရက်မှစ၍ ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သော မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများနှင့် ကြက်မွေးမြူမှုထူထပ်သောမြို့နယ်များအတွင်း မြို့နယ်အာဏာပိုင်အဖွဲ့အစည်း၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကြက်ငှက်မွေးမြူသူများ၊ ပြုပြင်ထုတ်လုပ်ရောင်းချသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ UNICEF, Care Myanmarတို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ကာကွယ်တားဆီးရေးလုပ်ငန်းခွင် ကွင်းဆင်းဆွေးနွေးပညာပေးရေးစကားဝိုင်း ဆွေးနွေးပွဲများ ဆောင်ရွက်ကြမည်ဖြစ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

အကျိုးသက်ရောက်မှုများ

ဆေးလိပ်နှင့် ဆေးရွက်ကြီးသည် စွဲစေတတ်၍ ကနဦးအစမှ ရှောင်သင့်ပါသည်။ သို့သော် ဆေးလိပ်စွဲပြီးမှ ဖြတ်လျှင်လည်း မိမိအတွက်သာမက ဘေးထွက်ဆေးလိပ်ငွေ့ကို ရှူနေရသည့် မိသားစုနှင့် လုပ်ဖော်ကိုင်ဖက်များအတွက်ပါ များစွာ အကျိုးသက်ရောက်မှုများရှိသဖြင့် ဆေးလိပ်သောက်တတ်သည့် အလေ့အကျင့်ကို ဖြတ်နိုင်ရန် အကြံကောင်းများ၊ နည်းလမ်းကောင်းများပေးရန် အရေးကြီးပါသည်။ မိမိကိုယ်တိုင် ဆုံးဖြတ်ချက်ဖြင့် စိတ်ကို နိုင်နိုင်နင်းနင်းထိန်းချုပ်ကာ ဆေးလိပ်ကို တစ်ခါတည်းဖြတ်ခြင်းသည် စရိုက်နည်း၊ ထိရောက်သည့် အသင့်တော်ဆုံးသော နည်းလမ်းဖြစ်သည်။ ဤနည်းဖြင့် မအောင်မြင်ပါက နီကိုတင်းပမာဏ အနည်းငယ်သာပါသော ပီကော၊ အရေပြားကပ်ဆေး၊ အာခေါင်အတွင်းသို့ ပက်ဖျန်းသောဆေးရည်စသဖြင့် ဆေးလိပ်အစားထိုး၍လည်းကောင်း၊ ဘရူပရိုပါရွန်ခေါ်ဆေး၏ အကူအညီဖြင့်လည်းကောင်း ဆေးလိပ်ဖြတ်နိုင်ပါသည်။ ဆေးလိပ်ဖြတ်သည့်သူများတွင် တစ်ကြိမ်တည်းနှင့် အောင်မြင်သူဦးရေ ခြောက်ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းသာ ရှိမည်ဖြစ်သော်လည်း ဇွဲလုံ့လဖြင့် ထပ်ခါတလဲလဲ ကြိုးစားပါလျှင် တစ်နေ့အောင်မြင်မည် ဖြစ်ပါသည်။

ဆေးလိပ်ဖြတ်သည်နှင့် တစ်ပြိုင်နက်

- **ခန္ဓာကိုယ် ပြန်လည်မွမ်းမံခြင်းသည် ၂၄ နာရီအတွင်း စတော့သည်။**
- **ခန္ဓာကိုယ် အတွင်းရှိ နီကိုတင်းကို ခုနစ်ရက်မှ ၁၀ ရက်အတွင်း သုတ်သင်သန့်စင်နိုင်မည်။**
- **နှလုံးသွေးကြောပိတ်မည့် အန္တရာယ်သည် နှစ်နှစ်မှ သုံးနှစ်အတွင်း သိသိသာသာ လျော့ကျသွားမည်။**
- **အဆုတ်ကင်ဆာဖြစ်နှုန်း လျော့လာပြီး အနှစ် ၂၀ ကြာလျှင် ဆေးလိပ်လုံးဝမသောက်ခဲ့သူနှင့် အလားတူဖြစ်မည်။**
- **အနံ့နှင့်ရသအာရုံများ ကောင်းမွန်လာမည်။**
- **ခံတွင်း၊ အဝတ်အထည်များနှင့် အိမ်တွင်းမှ အနံ့ဆိုးများ ပပျောက်သွားမည်။**
- **ချောင်းဆိုး သလိပ်ထရောဂါ ပျောက်မည်။**
- **မိသားစုနှင့် အလုပ်ခွင်ရှိ လုပ်ဖော်ကိုင်ဖက်များ ဘေးထွက်ဆေးလိပ်ငွေ့ မရှူရတော့ပါ။ ဆေးလိပ်သက် ၃၅ နှစ် မကျော်သေးသူများ ဆေးလိပ်ဖြတ်က အကျိုးသက်ရောက်မှု အများဆုံးရမည်မှန်သော်လည်း ဆေးလိပ်ဖြတ်ဖို့ အချိန်အခါလင့်ပြီဟူ၍ မရှိပါ။ နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နေသည့် လူနာများတွင်ပင် ဆေးလိပ်ဖြတ်နိုင်သူသည် ဆေးလိပ်ကို ဆက်သောက်နေသူထက် နှလုံးသွေးကြောပိတ်နှုန်း နည်းသည်။ အသက် (၅၀) အရွယ်ရှိပြီး နေ့စဉ်အလိပ် ၂၀ သောက်နေသူ အမျိုးသားတစ်ယောက် ဆေးလိပ်ဖြတ်မည်ဆိုပါက သူ ဆေးလိပ်တစ်လိပ်မသောက်တိုင်း အသက် ၁၂ မိနစ်ပိုနေရမည်ဖြစ်ပါသည်။**

ဆေးလိပ်ဖြတ်နည်း

ဆေးလိပ်သောက်သူများသည် ဆေးလိပ်ဖြတ်လိုသော ဆန္ဒနှင့် စိတ်စွမ်းအားမြင့်မားလျှင် ဆေးလိပ်ကို အလွယ်တကူဖြတ်နိုင်ပါသည်။ နှလုံးသွေးကြော လတ်တလော ပိတ်သွားသောအချိန်သည် ဆေးလိပ်ဖြတ်ရန် အထိရောက်ဆုံး တိုက်တွန်းနိုင်သောအချိန်ဖြစ်သည်။ Brupopion SR (Smoquit)ဟုခေါ်သော ဆေး၏အကူအညီဖြင့်လည်း ဆေးလိပ်ပြတ်အောင် ဆောင်ရွက်နိုင်ပါသည်။ မည်သည့်နည်းကို အသုံးပြုသည်ဖြစ်စေ၊ မိမိ၏ ဆေးလိပ်ဖြတ်လိုသော ပင်ကိုဆန္ဒနှင့် ကြိုးစားအားထုတ်မှုသာလျှင် ဆေးလိပ်ပြတ်ရန် အရင်းခံဖြစ်ပါသည်။ မိသားစုဝင်ထဲမှ ဆေးလိပ်သောက်သူများကို မိမိနှင့်တစ်ပါတည်း ဆေးလိပ်ပြတ်အောင် တိုက်တွန်းဆွဲဆောင်နိုင်မှ ဆေးလိပ်ကို ရာသက်ပန်ဖြတ်နိုင်မည်ဖြစ်ပါသည်။

အထက်တွင် တင်ပြခဲ့သော ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့၏ ကြောက်မက်ဖွယ်ရာရောဂါများကို ကာကွယ်တားဆီးနိုင်ရန် ဆေးလိပ်နှင့် ဆေးရွက်ကြီးကို လုံးဝရှောင်ကြဉ်ဖို့ အထူးသတိပေးနှိုးဆော်လိုက်ရပါသည်။ ။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

အဝလွန်သူများ အူမကြီးကင်ဆာ ပိုမိုဖြစ်ပွားနိုင်

လန်ဒန် ဧပြီ ၉

အဝလွန်မှုကို ဖြစ်ပေါ်စေသောဆဲလ်များကို ဓာတုဗေဒနည်းအရ ဓာတ်ခွဲစမ်းသပ်သည့်အခါ ဘေးထွက်ပစ္စည်းတစ်ခုသည် အူမကြီးကင်ဆာကို လျင်မြန်စွာဖြစ်ပွားစေတတ်ကြောင်း တွေ့ရှိရသည်ဟု အမေရိကန်သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြသည်။

သုတေသနပြု

ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ လေ့လာသုတေသနပြုချက်အရ အဝလွန်မှုကို ဖြစ်စေသော ဟော်မုန်းအချို့တွင် လူတို့၌ ဖြစ်ပွားတတ်သော အူမကြီးကင်ဆာကို ဖြစ်ပေါ်စေသော ကင်ဆာဆဲလ်များတွေ့ရှိရသည်ဟုဆိုသည်။

ဖော်ပြ

ထို့အပြင် အဝလွန်သောလူများသည် အူမကြီးကင်ဆာအပြင် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ကင်ဆာရောဂါများဖြစ်ပွားမှုမှာ သာမန်လူများထက် သုံးဆပိုများကြောင်း တွေ့ရှိရသည်ဟု အဆိုပါ သုတေသနပြုချက်၌ ဖော်ပြထားသည်။

တွေ့ရှိ

အဝလွန်နေသော အမျိုးသား၊ အမျိုးသမီး ၃၀၀၀၀ကို သုတေသနပြုခဲ့ရာ အမျိုးသားငါးဦးလျှင် တစ်ဦးနှင့် အမျိုးသမီးလေးဦးလျှင် တစ်ဦးတို့မှာ အူမကြီးကဲ့သို့သော ကင်ဆာရောဂါများ ဖြစ်ပွားကြသည်ကို တွေ့ရှိရကြောင်း အမေရိကန်သုတေသနပညာရှင် ပါမောက္ခ အလန်ကလာကီက ပြောဆိုသည်။

(ကိုးကား-အင်တာနက်)

မန္တလေး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် မြန်မာ့ဓလေ့ထုံးတမ်းများနှင့်အညီ ရိုးရာမပျက်ကျင်းပ စိတ်နှလုံးရွှင်လန်းစွာ ရေသဘင်ပွဲဆင်နွှဲနိုင်ရေး ဆောင်ရွက်

မန္တလေး ဧပြီ ၉

၂၀၀၇ ခုနှစ် မန္တလေး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဗဟိုကော်မတီနာယက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ဧပြီ ၃ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမတွင် ကျင်းပသော ၂၀၀၇ ခုနှစ် မန္တလေး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားပြီး (အောက်ပုံ) အောင်မြေသာစံမြို့နယ် ရွှေကျီးမြင်ဘုရား ပရိဝုဏ်အတွင်းရှိ ရုပ်စုံမွှာရုံ၌ ဘက်စုံမွမ်းမံပြင်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အစီအစဉ်အရ တိုင်းမှူးက အမှာစကား ပြောကြားရာတွင် ယခုနှစ် မန္တလေး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းများ မပျောက်စေဘဲ အဆိုပါ ဓလေ့ထုံးတမ်းများနှင့်အညီ ရိုးရာမပျက် ထိန်းသိမ်းကျင်းပသွားရေး၊ မန္တလေးမြို့သူ မြို့သားများနှင့် လာရောက် ရေပက်ကစားသူများအနေဖြင့် စိတ်နှလုံးရွှင်လန်းချမ်းမြေ့စွာဖြင့် မြန်မာ့နှစ်သစ်ကူး ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရေး၊ ပြည်သူများအနေဖြင့် မိမိတို့၏ တစ်နှစ်တာပင်ပန်း နွမ်းနယ်မှုများကို အတာရေအေးဖြင့် ပက်ဖျန်းပြီး နှစ်သစ်တွင် နိုင်ငံ့တာဝန်များအား စွမ်းအားပြည့်ဖြင့် ဆောင်ရွက်နိုင်ရေးနှင့် မြန်မာမှု၊ မြန်မာ့ဟန်နှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရေးတို့အတွက် ထိန်းသိမ်း စောင့်ရှောက်သွားကြရေး ဟူသည့် ရည်ရွယ်ချက် လေးရပ်ဖြင့် အကောင်အထည်ဖော် ကျင်းပသွားမည်ဖြစ်ကြောင်း။

အဘက်ဘက်မှ ကြိုတင်ပြင်ဆင်

ရေသဘင်ပွဲတော်ဖြစ်သော်လည်း ရေကိုအကျိုးရှိရှိ ထိထိရောက်ရောက် ပက်ဖျန်းကစားကြရန်လိုကြောင်း၊ ရေပက်ခံမဏ္ဍပ်တိုင်းမှ တာဝန်ခံများက မိမိတို့ မဏ္ဍပ်အလိုက် ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ယခင်နှစ်အတိုင်း ရေကစားမည်ဆိုပါက ယခုနှစ်တွင်လည်း ရေဂါလန်ပေါင်း ၅၆သန်းခန့် အသုံးပြုရမည်ဖြစ်ကြောင်း၊ ရေကို အကြောင်းမဲ့ ဆုံးရှုံးမှုမရှိစေရေးအတွက် ချွေတာကြရန် မှာကြားလိုကြောင်း၊ သင်္ကြန်ပွဲတော်သည် နှစ်စဉ်ကျင်းပမြဲဖြစ်သည့်အတွက် ပေါ့ပေါ့လျော့လျော့ ဆောင်ရွက်ခြင်းမပြုကြရန်နှင့် လုံခြုံရေးရှုထောင့်၊ ကျန်းမာရေး ရှုထောင့်စသည့် ရှုထောင့်မျိုးစုံမှ တွက်ချက်စဉ်းစားပြီး အဘက်ဘက်မှ ပြည့်စုံအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

စီမံထားရှိမှုတင်ပြ

ထို့နောက် မန္တလေးမြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က မဟာသင်္ကြန်ပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီများဖွဲ့စည်းထားမှု အခြေအနေများ၊ နန်းမြို့ရိုး ကျုံးပတ်ပတ်လည်တွင် ပုဂ္ဂလိကမဏ္ဍပ်များနှင့် ဌာနဆိုင်ရာမဏ္ဍပ်များ နေရာချထားမှု၊ ဈေးဆိုင်များမှ ဈေးရောင်းချမည့် နေရာသတ်မှတ်ထားမှုများနှင့် ရေသုံးစွဲမှုများအား စနစ်တကျဖြစ်စေရေးအတွက် စီမံထားရှိမှုတို့ကို အသေးစိတ်တင်ပြသည်။

ဖြည့်စွက်မှာကြား

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းက လုပ်ငန်းကော်မတီ ၁၀ခုဖြင့် ဖွဲ့စည်းဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းတာဝန်များအား ဖတ်ကြားတင်ပြကာ ကော်မတီအလိုက် တာဝန်ရှိသူများက မိမိတို့ လုပ်ငန်းကော်မတီအလိုက် ကြိုတင်ပြင်ဆင်ထားမှု အခြေအနေများကို တင်ပြကြရာ တိုင်းမှူးက လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး မန္တလေးမဟာသင်္ကြန်ပွဲတော် ကျင်းပရေးပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ပြီး တိုင်းမှူးသည် မြို့တော်ဝန်မဏ္ဍပ်ဒီဇိုင်းပုံစံအား ကြည့်ရှုရွေးချယ်ပေးကာ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများအား အမှူးထား၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် အုန်းပင်လမ်း အမှတ်(၆၉)နေ ကိုအန့်ကူ-မအေးငွေးမိသားစုတို့က အလှူငွေကျပ်၁၁၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော်(ပြည်တော်သာ) အရှင်စန္ဒန(မွှာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရခိုင်ရိုးရာသင်္ကြန် စည်ကားစွာကျင်းပမည်

ရန်ကုန် ဧပြီ ၉

လှိုင်သာယာမြို့နယ်အောင်မြေသာယာရွှေစေတီတော်ရှေ့ ညောင်တုန်းလမ်းမကြီးတွင် အရပ်လေးမျက်နှာမှလာသော ကားကြီးကားငယ်များ ဆုံဆည်းရာလမ်းမကြီးဖြစ်သည်။ ယင်းလမ်းမကြီးပေါ်ရှိ တံတားဖြူမှတ်တိုင်အနီးတွင် တတိယအကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲကို စည်ကားစွာ ဆင်နွှဲကြမည်။

နံ့သာသွေးပွဲ၊ ဘုရားရေချိုးပွဲ၊ ရခိုင်စည်တော်ယိမ်းကပွဲနှင့် တိုင်းရင်းသားများ၏ ရိုးရာယိမ်းကပွဲများအပြင် ဝါသနာရှင်များ၏ တစ်ဦးချင်းသီချင်းဆိုပွဲနှင့် စုံတွဲသီချင်းများကို ပျော်ရွှင်စွာသီဆိုကပြ ဖြေဖျော်ကြပါမည်။ လောင်းလှေကြီးများဖြင့် ရိုးရာမပျက် ရေပက်ကစားကြမည်ဖြစ်သည်။ **(က-ပ)**

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အထူးကုဆရာဝန်များ လာရောက်ဆေးကုသပေး

ရန်ကုန် ဧပြီ ၉

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများအား ကျန်းမာရေးဆေးစစ်ကုသပေးရန်အတွက် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့သည် နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဆေးရုံသို့လာရောက် ကုသပေးသည်။

ရှေးဦးစွာ ဧပြီ ၅ရက်တွင် မျက်စိဆေးရုံနှင့်၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံမှ ဆရာဝန်များအဖွဲ့က အဘိုး၊ အဘွား ၃၆ ဦးကို လည်းကောင်း၊ ဧပြီ ၆ရက်တွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးမှ သမားတော်ကြီး ဒေါက်တာဒေါ်ခင်ခင်သက် ဦးဆောင်သောအဖွဲ့က အဘိုး၊ အဘွား ၁၉ဦး ကိုလည်းကောင်း သက်ဆိုင်ရာရောဂါများကို စစ်ဆေးကုသပြုစုပေးကြသည်။**(အပေါ်ပုံ)(က-ပ)**

မင်းဘူးဓမ္မနုဂ္ဂဟအသင်း ရှင်ပြုမင်္ဂလာကျင်းပ

မင်းဘူးမြို့ ဓမ္မနုဂ္ဂဟအသင်း အကျိုးတော်ဆောင်လူငယ်အဖွဲ့က ဦးဆောင်၍ ဒုတိယအကြိမ် ကိတ္တိမသားလုရတနာ ၄၅ယောက်အား သာသနာ့အမွေခံ ရှင်သာမဏေအဖြစ် သွတ်သွင်းသည့် ရှင်ပြုအလှူတော်မင်္ဂလာပွဲကို မတ် ၁၀ရက်က မင်းဘူးမြို့ အမှတ်(၄)ရပ်၊ မှန်ကင်းကျောင်းတိုက် ဆရာတော်ဦးပုညကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **(က-ပ)**

ရှမ်းမြောင်းတံတားနှင့် စမုံမြစ် လူကူးတံတားဖွင့်

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ကုန်းကြီးကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက စီစဉ်ဆောက်လုပ်သည့် ကိုယ့်အားကိုယ်ကိုး ပနံ-ပန်းခွာ-ကုန်းကြီးကျေးရွာချင်းဆက် ရှမ်းမြောင်းတံတားနှင့် ကုန်းကြီး-ထန်းလုံးတပ် စမုံမြစ် လူကူးတံတားဖွင့်ပွဲ အခမ်းအနားများကို မတ် ၂၃ရက် နံနက် ၁၀နာရီက အဆိုပါတံတား မင်္ဂလာမုခ်ဦးတွင် ကျင်းပရာ တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းလှိုင်၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးလင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းမြိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအမှုဆောင်နှင့် ကျေးရွာစည်းရုံးရေးမှူး ဦးထွန်းညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)

နွေရာသီ ဝိပဿနာတရားစခန်းပွဲ

(၁၉)နှစ်မြောက် အနုသာသနီ ဝိပဿနာ ကမ္မဋ္ဌာန်းအားထုတ်ပူဇော်ပွဲအဖြစ် ဧပြီ ၈ရက်မှ ၁၇ရက်အထိ ၁၀ရက်စခန်း ဝိပဿနာတရားအားထုတ်ပူဇော်ပွဲကို ကရင်ပြည်နယ် ဘားအံမြို့နယ် တောင်ကလေး ပရိယတ္တိစာသင်တိုက် နာယကချုပ် ဆရာတော် အရှင်ပညာသာမိ(တောမီရဟန်း)က ကိုယ်တိုင်ညွှန်ကြားပြသမည်ဖြစ်ပြီး ပါရမီရှင်များ မည်သူမဆို လာရောက်လေ့လာ ပူဇော်နိုင်ပါကြောင်း သိရသည်။ (က-ပ)

တမူးဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်

တမူးမြို့ ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၇ ရက်က ဆေးရုံအစည်းအဝေးခန်းမတွင် ကျင်းပရာ ဒုတိယရဲမှူးကြီးအောင်ထိန်က အဖွင့်အမှာစကားပြောကြားပြီး စေတနာရှင်အလှူရှင်များဖြစ်ကြသည့် လူမှုရေးအဖွဲ့အစည်းများ၊ မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များက ဆေးပဒေသာပင်အတွက် အလှူငွေစုစုပေါင်း ၂၃ ဒသမ ၉ သိန်းကို လှူဒါန်းရာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အလင်း

ပြည်တွင်းသတင်း အတိုအထွာ

ထားဝယ်သင်္ကြန်(ရေးဇီမှန်း)ပွဲ ကျင်းပမည်

ထားဝယ်အသင်း၏သင်္ကြန်(ရေးဇီမှန်း)ပွဲကို သင်္ကြန်အကြိုနေ့ ဧပြီ ၁၃ရက် (သောကြာနေ့) နံနက် ၈နာရီမှ ၁၀နာရီအတွင်း ထားဝယ်အသင်းတိုက် ၅၂၈ မဟာဗန္ဓုလလမ်း လမ်းမတော်မြို့နယ်တွင်ကျင်းပမည်ဖြစ်ရာ ထားဝယ်သူ ထားဝယ်သားများနှင့် မိတ်သင်္ဂဟများ လာရောက်သုံးဆောင်ကြပါရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

ဟိုပင်မူကြိုကျောင်းဆောင်သစ် ပန္နက်တင်အခမ်းအနားကျင်းပ

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်ထားသော ဟိုပင်မြို့မူကြိုနေ့ကလေးထိန်းကျောင်းဆောင် တိုးချဲ့ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို မတ် ၂၈ရက် နံနက် ၉နာရီက ကျောင်းဆောင်သစ်ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက ကျောင်းဆောင်သစ်ကို ပန္နက်ရိုက်ပေးသည်။ ယခုဆောက်လုပ်မည့် တိုးချဲ့ကျောင်းဆောင်သစ်မှာ ပေ၄၀xပေ၂၀ဖြစ်ပြီး ငွေကျပ်သိန်း ၆၀ ကုန်ကျမည်ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနားမြို့၌ ကျေးလက်တံတားများဆောက်လုပ်

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ် လုပ်ငန်းများ ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြစ်ကြီးနားမြို့ မြဝတီရပ်သံအနီး မြို့ရှောင်ကွင်းလမ်းပေါ်တွင် အရှည် ၂၂ပေ x၁၀ပေ x၄၂ပေရှိ အုတ်ခုံခံသစ်သားတံတား၊ မြစ်ကြီးနားနှင့် နောင်ပုံကျေးရွာဆက်စပ် လမ်းပေါ်တွင်အရှည်ပေ၁၀၀ x၁၂ပေx ၁၀ပေရှိ တံတားများကို ကျေးလက်လုပ်ငန်း တာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးအောင်ဇော်ခိုင် ကြီးကြပ်ဆောက်လုပ်ရာသို့ မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုးနှင့်လက်ထောက်အင်ဂျင်နီယာဦးမျိုးအေးလွင်တို့ ကွင်းဆင်းကြီးကြပ်စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(မြို့နယ်စည်ပင်)

သင်္ကြန်တွင်း တရားစခန်းပွဲများ

မင်္ဂလာဒုံမြို့နယ် ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက် သင်္ကြန်တွင်း ၁၀ ရက် တရားစခန်းကျင်းပမည်

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ်ကွက် ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်၏ ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇာနေယျသည် ဧပြီ ၁၂ ရက်မှ ၂၁ ရက် အထိ မူလကသစ်ဝိုင်းဆရာတော်ကြီး၏ဥပနိဿယအတိုင်း ဦးဇာနိဿရ (သဒ္ဓမ္မဇောတိကဓဇ)၊ ဦးနိ(ပါရမီ) တရားပြဆရာကြီးများနှင့်အတူ အလုပ်ပေး ၁၀ ရက်တရားစခန်း ကျင်းပမည်ဖြစ်သည်။ တရားအားထုတ်လိုသူ ရဟန်းရှင်လူ ယောဂီသူတော်စင်များအနေဖြင့် ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက် ဖုန်း-၆၃၈၀၈၇၊ ၆၉၉၁၆၃၊ ၀၉-၅၀၁၁၂၇၉ သို့ ကြိုတင်စာရင်းပေးသွင်း နိုင်ကြောင်းနှင့် တရားအားထုတ်လိုသူများသည် မိမိတို့၏ တစ်ကိုယ်ရေ အသုံးအဆောင်များ တစ်ပါတည်းယူဆောင်လာ၍ ဧပြီ ၁၂ ရက် ညနေ အရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

သန်လျင် မိုးကုတ်ရိပ်သာသင်္ကြန် ခုနစ်ရက် တရားစခန်းပွဲ

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့အမှတ် ၂၄ သိပ္ပံလမ်း အုတ်ဖိုစုရပ်ကွက်ရှိ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၁၂၆)၏ ခန္ဓာဉာဏ်ရောက်ဝိပဿနာအလုပ်ပေး ခုနစ်ရက် အကြိမ်(၇၀)ပြည့် အထူးတရားစခန်းပွဲကို တန်ခူးလပြည့်ကျော်၁၂ရက်မှကဆုန်လဆန်း ၄ရက်(ဧပြီ ၁၃ရက်မှ ၁၉ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲ၌ ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ ရွှေရတနာဆရာတော် ဘဒ္ဒန္တ ကောဝိဒ(မိုးကုတ်)က ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများ အထက်ပါရိပ်သာသို့လည်းကောင်း၊ ဖုန်း-၀၅၆-၂၁၃၈၈၊ ၂၁၄၇၈၊ ၂၁၆၉၈၊၂၁၆၅၀၊ ၂၁၂၂၇တို့သို့ ကြိုတင်စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။

မိတ္ထီလာဆရာတော် သင်္ကြန်အထူးတရားစခန်းပွဲ

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ် (၁၂၉)၏ သင်္ကြန်အထူးတရားစခန်းပွဲနှင့် မိတ္ထီလာမြို့နယ် သဲကုန်းကျေးရွာ အဖွဲ့ခွဲအမှတ် (၄၁၆)၏ သင်္ကြန်အထူးတရားစခန်းပွဲများကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိလည်းကောင်း၊ ရှမ်းပြည်နယ် နမ့်စန်မြို့တရားစခန်းပွဲကို ကဆုန်လပြည့်ကျော် ၃ရက်မှ ၁၂ရက် (မေ ၃ရက်မှ ၁၂ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို မိတ္ထီလာဆရာတော် ကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တပညာစာရ (ကမ္မဋ္ဌာနာစရိယ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

ဖျာပုံဦးဝိလာသ မိုးကုတ်တရားစခန်းပွဲ

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၁၄၁)၏ သင်္ကြန်တရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်(တန်ခူးလပြည့်ကျော်၁၀ ရက်မှ ကဆုန်လဆန်း ၂ ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် ဧရာဝတီတိုင်း ဖျာပုံမြို့ မဟာပုညာရာမတိုက်မင်းကျောင်းမှသာသနာပြုနယ်လှည့် ဓမ္မကထိက မိုးကုတ်ကမ္မဋ္ဌာနာစရိယ ဦးဝိလာသ(ဓမ္မာစရိယ)က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

သမထဝိပဿနာတရားဟောကြားမည်

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်းရွှေ(ဒလ-အံကြီး)သည် ဧပြီ ၁၃ ရက်မှ ၁၉ ရက် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ဒေါပုံမြို့နယ် ဆေးစက်ပုသိမ်ရပ်ကွက် ပြာသာဒ်ပရိယတ္တိစာသင်တိုက်၊ ဧပြီ ၁၃ ရက်မှ ၁၇ ရက်အထိ လှည်းကူးမြို့နယ် ဒါးပိန်မြို့တမံကျောင်းတိုက်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးအနီး ၁၂၁ လမ်း ရေတွင်းကုန်း ဓမ္မာရုံတို့တွင် သမထဝိပဿနာ ကျင့်စဉ်တရားတော်များ ဟောကြားသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပျဉ်းမနားခရိုင် ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၉

မန္တလေးတိုင်း ပျဉ်းမနားခရိုင် ၂၀၀၇ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၇ ရက် မွန်းလွဲပိုင်းက ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ပျဉ်းမနားခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယကတိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦး၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ပျဉ်းမနားနှင့်လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေး ဝန်ထမ်းများ တက်ရောက်ကြသည်။

သဝဏ်လွှာဖတ်ကြား

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဆရာဝန်ကြီး ဒေါက်တာအေးကိုကိုက ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ သမားတော်ကြီး ဒေါက်တာမျိုးမြင့်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ ၂၀၀၇ ခုနှစ်ကမ္ဘာ့ကျန်းမာရေးနေ့သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပသည့် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ပြီး အာဆီယံနိုင်ငံများမှ ဘဏ္ဍာရေး ဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (ဘဏ္ဍာ/အခွန်)

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၁)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်

ရန်ကုန် ဧပြီ ၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ဧပြီ ၄ ရက်က ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးနှင့် ဧပြီ ၅ ရက်တွင် ကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး (11th ASEAN Finance Minister Meeting)များသို့ တက်ရောက်ပြီး ယမန်နေ့က နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ၄ရက် မွန်းလွဲ၁နာရီတွင် ချင်းမိုင်မြို့ရှိ Mandarin Oriental Dhara Dhevi ၌ ကျင်းပသည့် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးသို့ အာဆီယံနိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးများနှင့်အတူတက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအသိုင်းအဝိုင်း (ASEAN Economic Community (AEC) Blueprint) အခြေခံအဆောက်အအုံဆိုင်ရာ ငွေကြေးထောက်ပံ့ပေးမှု အစီအစဉ် (Infrastructure Development Financial Mechanism) ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ (AEC) Blueprint အရ ဒေသတွင်း အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များပေါင်းစည်းဆောင်ရွက်နေပါကြောင်း၊ ဒေသတွင်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုကို နည်းလမ်းတကျ ရင်းနှီးမြှုပ်နှံရေးကို ထောက်ခံပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံသစ်များ ဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့တွင် အခြားသော ဖွံ့ဖြိုးနေသည့် အဖွဲ့ဝင်များနည်းတူ စွမ်းဆောင်နိုင်ရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် အထောက်အကူပြုမည့် အစီအစဉ်များ လိုအပ်ပါကြောင်းကို မြန်မာနိုင်ငံမှ ပါဝင်ဆွေးနွေးခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ပထမ ဒုတိယဦးဆောင် ညွှန်ကြားရေးမှူး Mr. John Lipsky က ကမ္ဘာ့စီးပွားရေး အခြေအနေနှင့် အလားအလာအပေါ် ရှင်းလင်းတင်ပြခဲ့သည်။

အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ၏ (၁၁)ကြိမ်မြောက် အစည်းအဝေးကို ဧပြီ ၅ ရက် နံနက် ၈ နာရီခွဲတွင် ဆက်လက်ကျင်းပရာ အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၏ သဘာပတိ Dr. Chalongphob Sussangkarn က အဖွင့်မိန့်ခွန်း ပြောကြားသည်။

အမြင်ချင်းဖလှယ်

ဆက်လက်၍ အာဆီယံ နိုင်ငံများ၏ စီးပွားရေးအခြေအနေ သုံးသပ်ချက်နှင့် မူဝါဒရေးရာ ကိစ္စရပ်များကို အာဆီယံ အထွေထွေ အတွင်းရေးမှူးချုပ် Mr. Ong Keng Yong က တင်ပြပြီး အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Haruhiko Kuroda က အာဆီယံ စီးပွားရေး အလားအလာနှင့် မူဝါဒဆိုင်ရာ ကိစ္စရပ်များကိုတင်ပြရာ ဘဏ္ဍာရေးဝန်ကြီးများက တင်ပြချက်များ အပေါ် အမြင်ချင်းဆွေးနွေးဖလှယ်ကြသည်။

လမ်းညွှန်

ဘဏ္ဍာရေးဝန်ကြီးများသည် ဒေသတွင်း လတ်တလော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ၊ အာဆီယံ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု အသိုင်းအဝိုင်း၊ အရင်းအနှီးဈေးကွက် ခိုင်မာတောင့်တင်းရေး၊ ငွေကြေး ဝန်ဆောင်မှု ဖြေလျှော့ပေးရေး တွန်းအားပေးမှု၊ အခြေခံအဆောက်အအုံဆိုင်ရာ ငွေကြေး ထောက်ပံ့မှုရရှိရေး၊ ရပိုင်ခွင့်အဆင့်အတန်း တစ်ရပ်အဖြစ် အာဆီယံကို တိုးမြှင့်ရေး၊ အခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စသည်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး ရှေ့ဆက်လက်ဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့ကြသည်။

သတင်းစာရှင်းလင်း

ယင်းနောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ၏ ပူးတွဲသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ပြီး သတင်းစာရှင်းလင်းပွဲကို ကျင်းပသည်။

လိုက်ပါလာ

ဝန်ကြီးနှင့်အတူ အစည်းအဝေးသို့ လိုက်ပါသွားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်း၊ ညွှန်ကြားရေးမှူးဒေါ်ဥမ္မာစိန်တို့နှင့်အတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွဋ်တို့လည်း ပြန်လည်လိုက်ပါလာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မရမ်းကုန်းမြို့နယ် မြို့နယ်အဆင့် ပညာရည်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို မတ်၃၁ရက်က အထက(၁) စန္ဒိမာခန်းမ၌ ကျင်းပရာ ကျောင်းကျန်းမာရေးစံပြဆုရ အမက(၂၀) ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြီးမြင့်က လက်ခံယူစဉ်။ (၄၂၁)

မူးယစ်ကင်းစင် အလှဆင်

10-4 (07) 1 4/10/07, 1:38 PM

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့တွင် ကျင်းပမည့် မဟာမဲခေါင်ဒေသခွဲ နိုင်ငံများ၏ စိုက်ပျိုးရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (လယ်/ဆည်)

မဟာမဲခေါင်ဒေသ စိုက်ပျိုးရေးဝန်ကြီးများအစည်းအဝေးတက်ရန် လယ်/ ဆည် ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး တရုတ်နိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဧပြီ ၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့၌ ဧပြီ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ စိုက်ပျိုးရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ဧပြီ ၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန အာဆီယံဌာနခွဲ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွေး လိုက်ပါသွားသည်။ မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးမတိုင်မီ ဧပြီ ၉ ရက်တွင် ကြိုတင် ကျင်းပမည့် အဆင့်မြင့်အရာရှိများ အစည်းအဝေးသို့တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကြီးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်တို့သည် ဧပြီ ၇ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၄–၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ပရိတ်တန်ခိုးကြောင့် ရောဂါပျောက်၊ ပရိတ်နှင့်နေ အသက်ရှည် တရားတော် [အရှင်ဘဒ္ဒန္တ ကဝိဓဇ (ဖွဲ့ကပင်တောင်ဆရာတော်)]
၈း၁၀	ခါသကြိန်အဆိုအက
၈း၁၅	Sunday Talk
၉း၁၅	ခါသကြိန်အဆိုအက
၉း၂၀	ချမ်းမြေ့စေတာချမ်းမြေ့မှာ ထာဝရရိပ်သာ
၉း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅	Music Gallery (သင်္ကြန်သီချင်းများ)
၁၀း၀၅	ခါသကြိန်အဆိုအက
၁၀း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅	အဆင့်မြင့်မင်္ဂလာဈေးကြီး၏ အထူးဈေးရောင်းပွဲတော်
၁၀း၂၅	ခါသကြိန်အဆိုအက
၁၀း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅	ဝိနည်းတော်နှင့်ညီသည့် သင်္ကန်းဟူသည်
၁၀း၅၅	ခါသကြိန်အဆိုအက
၁၁း၀၀	MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးငယ်များတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း) (ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာအက်(စ်)ကျော်လှနှင့် တွေ့ဆုံခြင်း)
၁၁း၃၀	ခါသကြိန်အဆိုအက
၁၁း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၅	ခါသကြိန်အဆိုအက
၁၁း၅၀	စိတ်ဝင်စားစရာမြန်မာ့ ပုလဲရတနာ(အပိုင်း–၁)
၁၂း၁၀	ခါသကြိန်အဆိုအက
၁၂း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၀	ရုပ်ရှင်ပုံရိပ်ဟောင်းများ ရှင်သန်ရာ ရုပ်ရှင်သမိုင်းပြတိုက်မှာ
၁၂း၃၅	ခါသကြိန်အဆိုအက
၁၂း၄၀	ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။ MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	Man Utd-Roma	5-Sports (Live)
	Valencia-Chelsea	5-Series (Live)

သီတဂူဆရာတော်ဦးဆောင်သော ဂန္ဓာရတိုင်းလေ့လာရေးနှင့် ဘုရားဖူးအဖွဲ့ ပါကစ္စတန်မှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၉

ပါကစ္စတန်နိုင်ငံ ဂန္ဓာရတိုင်းဒေသသို့ ရှေးဟောင်းဗုဒ္ဓဘာသာ အမွေအနှစ်များ လေ့လာရန်နှင့် ဂန္ဓာရတိုင်းရှိ နှစ်ပေါင်း ၁၈၀၀ ခန့်က စေတီပုထိုး၊ ဗုဒ္ဓဆင်းတုတော်များကို ဖူးမြော်လေ့လာရန် သီတဂူဆရာတော် ဦးဆောင်သော အဖွဲ့သည် မတ် ၃၀ ရက်က ပါကစ္စတန်နိုင်ငံသို့ ထွက်ခွာခဲ့ပြီး ဧပြီ ၇ ရက်က ပြန်လည်ရောက်ရှိကြသည်။

ဖူးမြော်ခဲ့

သီတဂူဆရာတော်နှင့် အဖွဲ့သည် ပါကစ္စတန်နိုင်ငံ ဂန္ဓာရတိုင်းဒေသတစ်ခွင် အစ္စလာမာဘတ်မြို့ကို ဗဟိုထား၍ လာဟိုးမြို့(လောဟမြို့)၊ တက္ကရှိလာမြို့ (တက္ကသိလာမြို့ဟောင်း)၊ ပက်ရှဝါ (ပုပ္ပပူရမြို့ဟောင်း)၊ သမိုင်းဝင် ဆွတ်တောင်ကြားဒေသ အစရှိသည့် ဗုဒ္ဓသာသနာထွန်းကားခဲ့ရာနေရာ ဒေသများရှိ ကျောင်းဟောင်း၊ စေတီဟောင်း၊ ဗုဒ္ဓဆင်းတုတော်ဟောင်းများကို ဖူးမြော်လေ့လာခဲ့ကြသည်။

ဂန္ဓာရတိုင်းဒေသ ဘုရားဖူးလေ့လာရေးခရီး လှည့်လည်စဉ်အတွင်း သီတဂူဆရာတော်နှင့် ပါကစ္စတန်နိုင်ငံအစိုးရအဖွဲ့ ခရီးသွားလုပ်ငန်းဌာန ဝန်ကြီး Ms. Nilofar Bakhtiar တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုတွေ့ဆုံဆွေးနွေးပွဲ၌ ပါကစ္စတန်နိုင်ငံအစိုးရအဖွဲ့ ခရီးသွားလုပ်ငန်းဌာန ဝန်ကြီး၏ တောင်းပန်ချက်အရ ပါကစ္စတန်နိုင်ငံတွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကို သီတဂူဆရာတော်က ဦးဆောင်ကျင်းပပေးရန်နှင့် ကုန်ကျစရိတ်အားလုံးကို ပါကစ္စတန်နိုင်ငံအစိုးရအဖွဲ့ ခရီးသွားလုပ်ငန်းဌာနက တာဝန်ယူကျခံပေးရန် သဘောတူညီခဲ့ကြသည်။

သဘောတူခဲ့

အဆိုပါ ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီးကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၄ ရက်နေ့မှ ၃၀ ရက်အထိကျင်းပရန်နှင့် နိုင်ငံပေါင်း ၅၀ ကျော်မှ ဗုဒ္ဓဘာသာ ထိပ်တန်းခေါင်းဆောင် ၁၀၀ ကျော်တို့က ဖိတ်ကြားရန် သဘောတူညီခဲ့ကြသည်။ ယင်းထိပ်သီးညီလာခံကြီး၏ အကြိုအဖြစ် ပါကစ္စတန်နိုင်ငံတွင် ၂၀၀၇ ခုနှစ် မေလ ၂၀ ရက်၌ မြတ်ဗုဒ္ဓဖွားမြင်တော်မူခြင်း၊ ပရိနိဗ္ဗာန်ပြုခြင်း အထိမ်းအမှတ်အဖြစ် ဗုဒ္ဓနေ့ကို ကျင်းပရန်လည်း သဘောတူ ဆုံးဖြတ်ခဲ့ကြသည်။ ထိုဗုဒ္ဓနေ့အခမ်းအနား၌ ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး အစီအစဉ်များကို အချောသတ် ညှိနှိုင်းရန်နှင့် အပြီးသတ် ကမ္ဘာသို့ကြေညာရန် သဘောတူညီခဲ့ကြသည်။

ဟောပြောခဲ့

သီတဂူဆရာတော်သည် ထိုဂန္ဓာရခရီးစဉ်အတွင်း ပါကစ္စတန် ရုပ်မြင်သံကြားအဖွဲ့များနှင့် လည်းကောင်း၊ ပါကစ္စတန် ရေဒီယိုအဖွဲ့များနှင့်လည်းကောင်း တွေ့ဆုံမေးမြန်း ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။ အစ္စလာမာဘတ် တက္ကသိုလ် ဂန္ဓာရယဉ်ကျေးမှု သမိုင်းလေ့လာရေးဌာနတွင် ဗုဒ္ဓဓမ္မအကြောင်းများကို ဟောပြောပို့ချခဲ့ကြောင်း သိရသည်။ **(က–ပ)**

မေ ၄ ရက်က တတိယအကြိမ်မြောက် နွေရာသီ ကရာတေးဒို သင်တန်းဆင်းပွဲကို အလက(၂)ဒဂုံ ကျောင်းခန်းမ၌ကျင်းပရာ မြန်မာ့လက်ရွေးစင် နည်းပြဆရာ ဦးကျော်ကျော်ဟန်က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။

(မြန်မာ့အလင်း)

အင်တာနက် ဖောင်ပိတ်သတင်း

ဆော်လ်မွန်ကျွန်းစု၌ ဖြစ်ပေါ်သော ဆူနာမီ ပြည်သူခုနစ်ထောင်ကျော် အိုးအိမ်မဲ့ဖြစ်ခဲ့ရ

ဟိုနီယာရာ ဧပြီ ၉

လွန်ခဲ့သော သီတင်းပတ်က ဆော်လ်မွန်ကျွန်းစု အနောက်ပိုင်း၌ ရေအောက်မြေငလျင်လှုပ်ပြီး ဆူနာမီဒီလှိုင်းရိုက်ခတ်မှုကြောင့် ဒေသနေပြည်သူ ၇၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ဧပြီ ၉ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရှိနေဆဲ

အဆိုပါ ဆူနာမီဒီလှိုင်းကြောင့် ဂီဇိုမြို့သည် အဆိုးရွားဆုံးဒဏ်ခံရကြောင်း၊ ဆေးဝါးနှင့် အစားအစာအကူအညီများရသော်လည်း လူအများအပြားမှာ တောင်ကုန်းများပေါ်တွင် ရှိနေဆဲဖြစ်ကြောင်း၊ အများစုမှာ နောက်ထပ် ဆူနာမီဖြစ်ပေါ်မည်ကို စိုးရွံ့နေကြသဖြင့် ယင်းတို့၏ နေအိမ်များကို ပြန်လာရန် စိုးရိမ်နေကြကြောင်း ကယ်ဆယ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

သေဆုံးခဲ့

အဆိုပါဆူနာမီကြောင့် ထိုကျွန်းနေ ပြည်သူအနည်းဆုံး ၃၉ ဦး သေဆုံးခဲ့ရသည်။ (အင်တာနက်)

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

၂၀၀၇ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ဧရာဝတီရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင် အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အသင်းလိုက် တံခွန်စိုက်ဒိုင်းဆုကို ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းက ရရှိသွားသည်။

ဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဆုရ ဧရာဝတီရေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ယဉ်ကျေးမှုသကြၤန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့ရှိသူ – ထောင်(၁)နှစ်
၂။ ကစားသူ – ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ – ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်းတီး ပြုမူ ပြောဆို ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းမဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဧပြီ ၉

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲက ရန်ကုန်မြို့ရှိ ဆီဒိုနားဟိုတယ်၌ ကျင်းပသည်။

ဖတ်ကြားတင်ပြ

ရှေးဦးစွာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး **(အပေါ်ပုံ)** အသင်းအတွင်းရေးမှူး ဒေါ်လှဝတီက (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် အသင်းဘဏ္ဍာရေးအကြံပေး ဒေါ်ခင်ဌေးယူက အသင်း၏ ၂၀၀၆–၂၀၀၇ခုနှစ် နှစ်ချုပ်စာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီက ကျေးဇူးတင်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နဝမအကြိမ် မိဘရိပ် သီတဂူ ဓမ္မသဘင်(အထူးတရားပွဲ)

ရန်ကုန် ဧပြီ ၉

စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt) (Ph.D) သည် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ၂၀ရပ်ကွက်၊ လှော်ကားလမ်း အမှတ် ၁ရှိ သီရိသုဓမ္မဓဏီဇောတရေ ချမ်းမြေ့သီတဂူ ဦးနိုင်ဦး(မိဘရိပ်)– သီရိသုဓမ္မသိင်္ဂီ သီတဂူဒေါ်အေးသိန်း သားများဖြစ်ကြသော မောင်ထက်နေဦး၊ မောင်ညွှန့်ဝင်းနိုင်၊ မောင်ထက်နိုင်ဝင်း (ခ)ခွန်ရွှေမြင့် မိဘရိပ်ကုမ္ပဏီလီမိတက်၊ မိဘရိပ်သစ်စက်မိသားစုတို့၏ အလှူမင်္ဂလာမဏ္ဍပ်ရှေ့၌ ၁၃၆၉ခုနှစ် ကဆုန်လဆန်း ၄ရက် (ဧပြီ ၁၉ရက်) ကြာသပတေးနေ့ ည၇နာရီတွင် သီတဂူဓမ္မသဘင် အထူးတရားပွဲကျင်းပမည်ဖြစ်ကြောင်း၊ ၎င်းတရားပွဲတွင် သီတဂူဆရာတော်ကြီး၏ အပြည်ပြည်ဆိုင်ရာ သီတဂူသာသနာ့ဗိမာန် အဆောက်အအုံအတွက် လှူဒါန်းလိုသူများသည် မိဘရိပ် သီတဂူဓမ္မသဘင် ကျင်းပရေး လုပ်ငန်းကော်မတီရုံး ဖုန်း–၀၁–၅၉၀၅၉၀ နှင့် ၀၁–၅၉၁၄၄၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တန်ခူးလတွင်ကျရောက်မည့် မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာနက နှုတ်ဆက်ချက်ထုတ်ပြန်

နေပြည်တော် ဧပြီ ၉

မြန်မာတို့၏ ၁၂လရာသီပွဲတော်များအနက် နှစ်သစ်ကူးပွဲတော်ဖြစ်သော မဟာသင်္ကြန်ကာလသည် ခရစ်နှစ်၂၀၀၇ခုနှစ် ဧပြီ၁၃ရက်မှ၁၆ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ရက်မှ ကဆုန်လဆန်း ၁ရက်)အထိ ကျရောက်မည်ဖြစ်သည်။ မြန်မာတို့ရိုးရာ အစဉ်အလာမပျက် မြတ်နိုးစွာ နှစ်စဉ်ကျင်းပလေ့ရှိသော ဤပွဲတော်ကို ဖော်ညွှန်းသည့် **သင်္ကြန်** ဟူသော ဝေါဟာရသည် **သင်္ကြန္တ** ဟူသော သက္ကတစကားနှင့် **သင်္ကန္တ** ဟူသော ပါဠိစကားတို့မှ ဆင်းသက်လာသော ဝေါဟာရဖြစ်သည်။ အဓိပ္ပာယ်အားဖြင့် **ကူးပြောင်းခြင်း၊ ပြောင်းရွှေ့ခြင်း** ဟူသော အဓိပ္ပာယ်သက်ရောက်သည်။ နှစ်ဟောင်းလွန်မြောက်၍ နှစ်သစ်သို့ကူးပြောင်းခြင်းဟု ဆိုနိုင်သည်။ ဤကာလတွင် မြန်မာလူမျိုးတို့သည် နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်အနေဖြင့်လည်းကောင်း၊ နှစ်ဟောင်းမှ မကောင်းမှု အညစ်အကြေးများကို ဆေးကြောသန့်စင်သည့်အနေဖြင့်လည်းကောင်း တစ်ဦးကတစ်ဦးကို သိမ်မွေ့ညင်သာစွာ ရေစင်သွန်းလောင်းလေ့ရှိကြသည်။

မြန်မာလူမျိုးတို့သည် ဤသို့ ယဉ်ကျေးသိမ်မွေ့ ပျော်ရွှင်ဖွယ်ရာကောင်းသော သင်္ကြန်ကာလတွင် တစ်ဦးနှင့် တစ်ဦး ချစ်ခင်ပျော်ရွှင်စွာ ရေစင်သွန်းလောင်းခြင်းနှင့်အတူ ဗုဒ္ဓဘာသာဝင်တို့၏ အလေ့အထများအတိုင်း သတ္တဝါများကို ဘေးမဲ့လွှတ်ခြင်း၊ အလှူဒါနပြုခြင်း၊ ရဟန်းခံ ရှင်ပြုခြင်း၊ သက်ကြီး ဝါကြီးများအား အမွှေးနံ့သာရည်၊ တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်းနှင့် ဦးချကန်တော့ခြင်း စသည့် ကောင်းမှုကုသိုလ်များကို စေတနာ သဒ္ဓါတရားထက်သန်စွာ ပြုလုပ်လေ့ရှိကြသည်။

မြန်မာတို့၏ မဟာသင်္ကြန်ပွဲတော် ရိုးရာဓလေ့ထုံးစံများမှာ အလွန်ပင်လေးစားဖွယ်ကောင်းသော ဓလေ့ထုံးစံများဖြစ်သည့်အလျောက် သင်္ကြန်ပွဲတော်ကို မြန်မာလူမျိုးတိုင်းက ရိုးရာယဉ်ကျေးမှုအစဉ်အလာမှ တိမ်ကောပပျောက်မှုမရှိစေရန် ထိန်းသိမ်းခဲ့ကြသည်။ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော မြန်မာနိုင်ငံ၌သာ ဤကဲ့သို့ ယဉ်ကျေးသိမ်မွေ့ပြီး ကောင်းမှုကုသိုလ်များဖြင့် ပြွမ်းနေသော နှစ်သစ်ကူးသင်္ကြန်ပွဲတော်မျိုးသည် ထူးခြားမွန်မြတ်စွာ တည်ရှိနေခဲ့သည်။

သို့ဖြစ်၍ မြင့်မြတ်ပြီး ယဉ်ကျေးသိမ်မွေ့သော စိတ်နေသဘောထားကို ထင်ဟပ်နေသည့် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရတို့ကို ပိုမိုလေးနက်တည်တံ့စေရေးအတွက် ရိုးရာအစဉ်အလာမပျက် ထိန်းသိမ်းသွားရန်မှာ မြန်မာလူမျိုးအားလုံးတို့၏ တာဝန်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့အလယ်တွင် မြန်မာလူမျိုးတို့၏ ဓလေ့ရိုးရာယဉ်ကျေးမှု အဆင့်အတန်းသည် မြင့်မားထည်ဝါကြောင်း ပြသနိုင်ရန်အတွက်လည်းကောင်း၊ ရိုးရာယဉ်ကျေးမှု မတိမ်ကော မပပျောက်စေရေးအတွက်လည်းကောင်း မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီမှုမရှိသော–

- **ရိုးရာယဉ်ကျေးမှုကိုသွေဖည်သော သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ၊ မောင်နှင့်နှမ၊ သားနှင့်အမိ အမြင်မတော်သော ဝတ်စားဆင်ယင်မှုများ၊**
- **တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွားစေနိုင်သည်အထိ ကြမ်းတမ်းရိုင်းစိုင်းစွာ ရေပက်ကစားခြင်းများ၊**
- **မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့မှုနှင့်သွေဖည်ကာ ဖိအားသုံးအရှိန်ပြင်း ရေပိုက်များဖြင့် ဒဏ်ရာအနာတရဖြစ်စေသည်အထိ ရေပက်ခြင်း၊ ရေပူဖောင်း၊ ရေဘောလုံးများဖြင့် ပစ်ပေါက်ခြင်းများ၊**
- **အချင်းချင်း ရိုင်းပြစွာ နောက်ပြောင်မှုများ၊**
- **မြန်မာတို့၏ မြင့်မားသော ကဗျာလင်္ကာတန်ဖိုးအရ သင်္ကြန်ပွဲတော်ကို ခံ့ညားစေရန် ဖော်ကျူးခြင်းမျိုးမဟုတ်ဘဲ သူတစ်ပါးကို ထိခိုက်စေလိုသောသဘောဖြင့် သရော်စာပုံစံ အတိုင်အဖောက် သံချပ်ထိုးခြင်းများ၊**
- **အန္တရာယ်ကျရောက်စေနိုင်သည်အထိ ယာဉ်မောင်းနှင်မှုများ၊**
- **သင်္ကြန်ကာလအတွင်း မူးယစ်သောက်စားခြင်း၊ အပျော်လွန်၍ ခိုက်ရန်ဖြစ်ပွားခြင်းနှင့် တည်ဆဲဥပဒေများကို ချိုးဖောက်ခြင်းများ အပြုအမူတို့ကို သတိထားရှောင်ရှားသင့်သည်။**

သင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှုအရ မြတ်နိုးလေးစားဖွယ်ရာဖြစ်စေရန် နိုင်ငံသားတိုင်းက စောင့်ရှောက်ကြပါရန် နှစ်သစ်မင်္ဂလာကိုကြိုဆိုလျက် ယဉ်ကျေးမှုဝန်ကြီးဌာနက နှုတ်ဆက်အပ်သည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပထမဆုံးအစည်းအဝေး

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် အစည်းအဝေးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ ပါဝင်သော မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ ပူးတွဲညှိနှိုင်းကော်မတီ(JCCCN)၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲအခမ်းအနားဖြစ်ကြောင်း၊ ဤအစည်းအဝေးတွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် ၂၀၀၇ခုနှစ် ဧပြီ၉ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့၌ အိမ်ရှင်အဖြစ် ကျင်းပသော ပထမဦးဆုံး(JCCCN) အစည်းအဝေးဖြစ်ကြောင်း။

ဆွေးနွေးခဲ့

မိမိမှတ်မိသည်မှာ တရုတ်၊ လာအို၊ မြန်မာနှင့်ထိုင်း လေးနိုင်ငံမှ ကိုယ်စားလှယ်များသည် လာအိုနိုင်ငံ ဗီယန်ရှင်းမြို့၌ တွေ့ဆုံ၍ မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ ကိစ္စရပ်များကို ကနဦးစတင် ဆွေးနွေးခဲ့ကြကြောင်း၊ ၎င်းနောက် ဤလေးနိုင်ငံမှ ကိုယ်စားလှယ်များသည် ရန်ကုန်မြို့၌ ၁၉၉၇ခုနှစ် နိုဝင်ဘာ ၂၇ရက်နှင့် ၂၈ရက်တို့တွင် တွေ့ဆုံ၍ မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ သဘောတူစာချုပ် (မူကြမ်း)ကို ဆွေးနွေးခဲ့ကြကြောင်း၊ ထို့အပြင် အဆိုပါ လေးနိုင်ငံမှ ကိုယ်စားလှယ်များသည် ရန်ကုန်မြို့၌ ၂၀၀၀ပြည့်နှစ် မတ် ၆ ရက်နှင့် ၇ ရက်တို့တွင် ထပ်မံတွေ့ဆုံ၍ မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်းသွားလာရေး ဆိုင်ရာ သဘောတူစာချုပ် (မူကြမ်း)အတည်ပြုရေးကိစ္စရပ်ကို အသေးစိတ်နောက်ဆုံး ဆွေးနွေးခဲ့ကြကြောင်း။

လက်မှတ်ရေးထိုးနိုင်

နောက်ဆုံး ရလဒ်အနေဖြင့် တရုတ်၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံမှ ဝန်ကြီးများသည် မြန်မာနိုင်ငံ တာချီလိတ်မြို့၌ ၂၀၀၀ ပြည့်နှစ် ဧပြီ ၂၀ ရက်တွင် မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ လေးနိုင်ငံ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြကြောင်း။

ဤကဲ့သို့ လေးနိုင်ငံသဘောတူစာချုပ်လက်မှတ် ရေးထိုးပြီးနောက် ၇နှစ်တာအချိန်ကာလကြာပြီး မြန်မာနိုင်ငံ၌ (၆)ကြိမ်မြောက် (JCCCN) အစည်းအဝေးကြီးကို ပြန်လည်ကျင်းပခွင့်ရသည့် အတွက် မိမိအနေဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိကြောင်း ပြောကြားလိုကြောင်း။

လိုအပ်နေ

မိမိအနေဖြင့် မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်းဆိုင်ရာ လေးနိုင်ငံ သဘောတူညီချက်များနှင့် မြန်မာနိုင်ငံ (JCCCN)ဥက္ကဋ္ဌ တင်ပြလာသော သတင်းနှင့် မှတ်တမ်းများကို လေ့လာရာတွင် (JCCCN) အဖွဲ့အစည်းမှ လန်ဆန်း–မဲခေါင်မြစ်အတွင်း ကုန်သွယ်ရေကြောင်း သွားလာမှုတွင် ရေယာဉ်များ လုံခြုံစိတ်ချစွာသွားလာနိုင်ရေးအတွက် ချမှတ်ထားသော လုပ်ငန်း စီမံချက်များ၊ ဆောင်ရွက်ချက်များ၊ လုပ်ငန်းများတွင် ပြီးမြောက်မှုများ၊ ရေကြောင်းသွားလာမှု ပိုမိုလုံခြုံမှုများ၊ လုပ်ငန်းဆက်လက် ဆောင်ရွက်ချက်များ၊ အထူးသဖြင့် ဓာတ်ငွေ့အစမ်း သယ်ဆောင်မှုတွင် အဆင်ပြေမှုရှိသည်ကိုသိရှိရသဖြင့်လုံးဝကျေနပ်မှုရှိကြောင်း၊ ဤမြစ်ကြီး၏ မြစ်ကမ်းတစ်လျှောက် တည်ရှိသော ခြောက်နိုင်ငံ၏ စည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာပိုင်မှု တည်တံ့ခိုင်မြဲရေး၊ ကြီးပွားတိုးတက်ရေး စသည် များအတွက် ဤမြစ်၏ လုံခြုံချောမွေ့သော ရေကြောင်းသွားလာရေးက အထောက်အကူပြုမည် ဖြစ်ကြောင်း ပြောကြားသွားသည်။

အမှာစကားပြောကြား

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အမှာစကားအသီးသီး ပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်တို့သည် ဌာနဆိုင်ရာအကြီးအကဲများ၊ လေးနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ လေးနိုင်ငံပူးတွဲညှိနှိုင်းကော်မတီ (JCCCN)၏ ဆဋ္ဌမအကြိမ် အစည်းအဝေးကို အစီအစဉ်အတိုင်း စတင်ကျင်းပပြီး ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

အဆိုပါအစည်းအဝေးကို ဧပြီ ၁၀ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

* *ကျောဖုံးမှ*

တွေ့ဆုံ အမှာစကားပြောကြားရာတွင် လျှပ်စစ်မီးပြည့်ဝစွာ ပေးဝေနိုင်ရေးမှာ လျှပ်စစ်ဝန်ထမ်းအားလုံး၏ တာဝန်ဖြစ်ကြောင်း၊ ဓာတ်အား လျှော့နည်းပပျောက်မှုနည်းနိုင်သမျှ နည်းအောင် တာဝန်ရှိသူ အဆင့်ဆင့်က စစ်ဆေးကြပ်မတ် လုပ်ဆောင်သွားကြရန်နှင့် ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာဖြင့် အလုပ်ကြိုးစား လုပ်ဆောင်သွားကြရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးအား ခရိုင်အင်ဂျင်နီယာ ဦးသန်းထွန်းနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်တို့က မိတ္ထီလာဓာတ်အားလိုင်းအခြေအနေများအား ဖြည့်စွက်ရှင်းလင်း တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်–မန္တလေးကားလမ်းမ မိုင်တိုင် (၃၄၉/၂) ရှိ (၅၀၀)ကေဗွီ ပင်မဓာတ်အားခွဲရုံ(သပြေဝ) တည်ဆောက်ရေး စီမံကိန်းမြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း) စီမံကိန်းမန်နေဂျာ(၂) ဦးစန်းတင့်က ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက စီမံကိန်း အဆောက်အအုံကို သတ်မှတ်ကာလတွင် ပြီးစီးစေရေး အန္တရာယ်ကင်းစွာ ဆောက်လုပ်ပြီးစီးရန်လိုအပ်ကြောင်း မှာကြားပြီး စီမံကိန်းတည်ဆောက်မည့် မြေနေရာကို ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂရင်းရွိုင်ရယ်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

GRAND ROYAL SPECIAL RESERVE Golf Championship

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပ၍ International Beverages Trading Co.Ltd. က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲ(Grand Royal Special Reserve Golf Championship 2007 Final Round) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း(မြကန်သာ)၌ကျင်းပသည်။

ဖွင့်လှစ်ပေး

ဖွင့်ပွဲအခမ်းအနားတွင်မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်အထွေထွေ အတွင်းရေးမှူး ဦးအောင်ကြည်နှင့် IBTC မှ Design and Development ဒါရိုက်တာ ဦးတင့်ဦးတို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

နောက်ဆုံး ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ည၇နာရီတွင် Hotel Nikko Royal Lake Yangon ၌ ကျင်းပသည်။

ဆုပေးအပ်

ဆက်လက်၍ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးက PRO-AM အသင်းလိုက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယရရှိကြသော အသင်းများအားလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က Professional Golfers တစ်ချင်းပြိုင်ပွဲတွင် စတုတ္ထနှင့် ပဥ္စမအဆင့်ရရှိသူတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က Professional Golfers တစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသွားသော စိုးကျော်နိုင်(Srixon)၊ ဒုတိယရရှိသွားသော ခင်ဇော်ဝင်းနှင့် တတိယရရှိသွားသော နိုင်နိုင်လင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ IBTC မှ Admin and Finace ဒါရိုက်တာ ဦးလွင်အောင်အေးက ဂရင်းရွိုင်ရယ် စပါရှယ်ရီဆာ့ဗ်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Final Round ပြိုင်ပွဲတွင်Nett Total၁၄၀ချက်ဖြင့် တတိယရရှိသော သူရကျော် (တောင်ကြီး)နှင့် Nett Total၁၄၀ ဖြင့် စတုတ္ထရရှိသော ဝင်းထွန်းသိန်း (ရန်ကုန်)တို့အား ဆုများကို ချီးမြှင့်သည်။

ဂုဏ်ပြုလက်ဆောင်ပေး

ထို့နောက် IBTC မှ Design and Development ဒါရိုက်တာ ဦးတင့်ဦးက Nett Total ၁၃၈ ချက်ဖြင့် ပထမရရှိသော ရန်နိုင်ဖြိုး (ရန်ကုန်) နှင့် Nett Total ၁၄၀ ချက်ဖြင့် ဒုတိယရရှိသော ခင်မောင်မြင့် (ရန်ကုန်)တို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး IBTCကချီးမြှင့်သော အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ရာ C ITY GOLF RESORT မှ တာဝန်ရှိသူတစ်ဦးက လက်ခံသည်။

တာဝန်ယူဆောင်ရွက်

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ International Beverages Trading Co.,Ltd.ဖြစ်၍Co-sponsors များ အဖြစ် Air Mandalay, Hotel Nikko, Srixon နှင့် Alpine Purified Drinking Water တို့က ထပ်မံ၍ ကူညီပံ့ပိုးပေးကြပြီး နောက်ဆုံးဗိုလ်လုပွဲဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် (Organized by Han Event Management) က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲတွင် ပထမရရှိသွားသော နိုင်နိုင်လင်း(ရန်ကုန်)အား IBTC မှ Design And Development ဒါရိုက်တာ ဦးတင့်ဦးက တံခွန်စိုက်ဆုဖလား ချီးမြှင့်ပေးအပ်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ဆိုယုဇ်တီအမ်အေ-၁၀ အာကာသလွန်းပြန်ယာဉ်

ရုရှားနိုင်ငံ ဘိုင်ကူနော အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဆိုယုဇ်တီအမ်အေ-၁၀ အာကာသ လွန်းပြန်ယာဉ် လွှတ်တင်လိုက်သည်ကို ဧပြီ ၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်ကမ်းလွန်၌ ကုန်တင်သင်္ဘောနှစ်စီးတိုက်မိ

တိုကျို ဧပြီ ၉

ဂျပန်နိုင်ငံ အလယ်ပိုင်း ဝါကာယာမာစီရင်စု ကမ်းလွန်တွင် ဧပြီ၇ရက်က ကုန်တင်သင်္ဘောနှစ်စီး တိုက်မိရာ ဂျပန် သင်္ဘောသားတစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ကျိုဒိုသတင်းဌာနက သတင်း ထုတ်ပြန်သည်။

ဂျပန်နိုင်ငံ ဆူဆာမိမြို့ကမ်းခြေမှ လေးကီလိုမီတာအကွာ၌ ဂျပန်ကုန်တင်သင်္ဘောတစ်စီးနှင့် ကမ္ဘောဒီးယားကုန်တင်သင်္ဘောတစ်စီးတို့ ဧပြီ ၇ရက်နံနက် ၅နာရီ ၁၅မိနစ်၌ တိုက်မိခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ ကုန်တင်သင်္ဘောနှစ်စီး တိုက်မိပြီး မကြာမီ ဂျပန်ကုန်တင်သင်္ဘောမှာ နစ်မြုပ်သွားခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်ဟု ကျိုဒိုသတင်းဌာနက ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

ဂျပန်ကုန်တင်သင်္ဘော မနစ်မြုပ်မီ သင်္ဘောပေါ်မှ ဂျပန်သင်္ဘောသား လေးဦးကို ကယ်ဆယ်နိုင်ခဲ့သော်လည်း သင်္ဘောအင်ဂျင်နီယာချုပ်မှာ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။ ကမ္ဘောဒီးယားကုန်တင်သင်္ဘောမှ တရုတ် သင်္ဘောသား ၁၀ဦးကို ကယ်တင်နိုင်ခဲ့သည်။

ကုန်တင်သင်္ဘောနှစ်စီး တိုက်ခဲ့မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီကွေဒေါနိုင်ငံ အိုပက်အဖွဲ့သို့ ပြန်လည်ဝင်ရောက်မည်

ကွိုင်တို ဧပြီ ၉

တောင်အမေရိကနိုင်ငံ တစ်နိုင်ငံဖြစ်သည့် အီကွေဒေါနိုင်ငံက ရေနံတင်ပို့ ရောင်းချသောနိုင်ငံများအဖွဲ့(အိုပက်)သို့ ပြန်လည်ဝင်ရောက်တော့မည်ဖြစ်ကြောင်း အီကွေဒေါသမ္မတ ရာဖေးလ်ကော်ရီရာ က ဧပြီ ၈ရက်၌ ပြောကြားလိုက်သည်။

အမြဲတမ်းဆက်သွယ်

အိုပက်အဖွဲ့ကလည်း အီကွေဒေါနိုင်ငံအား အဖွဲ့ဝင်အဖြစ်ပြန်လည်ဝင်ရောက်ရန် အမြဲတမ်းဆက်သွယ်နေခဲ့သည်။ အီကွေဒေါနိုင်ငံသည် တောင်အမေရိကတွင် ရေနံထုတ်လုပ်မှုအကြီးမားဆုံးနိုင်ငံများအနက် ငါးနိုင်ငံမြောက်နိုင်ငံလည်းဖြစ်သည်။

နုတ်ထွက်

အီကွေဒေါနိုင်ငံသည် အိုပက်အဖွဲ့ဝင်နိုင်ငံအဖြစ်မှ ၁၉၉၂ခုနှစ်တွင် နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ ယင်းမှာ အရှေ့အလယ်ပိုင်းဒေသ၏ အိုပက်ဆိုင်ရာ ငွေကြေးများကိုစွရပ်ကြောင့်ဖြစ်သည်။

အိုပက်အဖွဲ့ဝင်နိုင်ငံများက အီကွေဒေါ နိုင်ငံ၏ ငွေကြေးအကူအညီများကို ပြန်လည်ပေးရန်နှင့် အိုပက်အဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်ဝင်ရောက်ရန် ပြောကြားလျက်ရှိသည်။

အီကွေဒေါသမ္မတ ရာဖေးလ်ကော်ရီရာက မိမိတို့ နိုင်ငံအနေဖြင့် အိုပက်အဖွဲ့သို့ပြန်လည်ဝင်ရောက်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ခရီးသည်နှင့် ကုန်တင်လေယာဉ် ၅၂စင်း ချီလီလေကြောင်းလိုင်း ဝယ်ယူမည်

ဆန်တီရာဂို ဧပြီ ၉

ချီလီနိုင်ငံလေကြောင်းလိုင်း "လန်"က လာမည့် ငါးနှစ်ကျော်အတွင်း လေယာဉ်အသစ် ၅၂စင်းကို အမေရိကန် ဒေါ်လာ ၂ဒသမ၆ဘီလီယံ သုံးစွဲဝယ်ယူသွားမည်ဖြစ်ကြောင်း အဆိုပါ လေကြောင်းကုမ္ပဏီဥက္ကဋ္ဌ ဂျော့အက်ဝပ်ဒ်က ဧပြီ ၆ရက်၌ ပြောကြားသည်။

ဝယ်ယူ

"လန်"လေကြောင်းလိုင်းမှ ဝယ်ယူမည့်လေယာဉ်များမှာ အဲဘတ်စ်အေ ၃၂၀ အမျိုးအစားလေယာဉ် ၃၆စင်း၊ အဲဘတ်စ်အေ ၃၄၀ အမျိုးအစား လေယာဉ်လေးစင်း၊ ဘိုးရင်း ၇၆၇-၃၀၀ ခရီးသည်တင် လေယာဉ်ရှစ်စင်းနှင့် ဘိုရင်း ၇၇၇လေယာဉ် လေးစင်းတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေယာဉ်များ ဝယ်ယူရရှိခဲ့ပြီးပါက "လန်"လေကြောင်းလိုင်းတွင် ခရီးသည်တင်လေယာဉ် ၁၀၂စင်းနှင့် ကုန်တင်လေယာဉ် ၁၃စင်းရှိလာမည်ဖြစ်သည်။

တိုးမြှင့်

ချီလီနိုင်ငံ"လန်"လေကြောင်းလိုင်းအနေဖြင့် ယခုနှစ်တွင် အမြတ်ငွေ အမေရိကန်ဒေါ်လာ ၃ဒသမ၆ဘီလီယံ ရရှိမည်ဟု မျှော်မှန်းထားရာ ၂၀၀၆ခုနှစ်ကထက် ၁၈ ဒသမ ၆ ရာခိုင်နှုန်းတိုး မြှင့်လာမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပဉ္စမမြောက် အာကာသခရီးသည်လိုက်ပါသွား

ဘိုင်ကူနော(ကာဇက်စတန်) ဧပြီ ၉

ကမ္ဘာ့ပဉ္စမမြောက် အာကာသခရီးသည်ဖြစ်သည့် အမေရိကန် ဆော့ဝဲလ်အင်ဂျင်နီယာ ချာလီစီမွန်ရီသည် ရုရှားအာကာသယာဉ်မှူး နှစ်ဦးနှင့်အတူ ဘိုင်ကူနော အာကာသစခန်းမှ ရုရှားဆိုယုဇ်အာကာသ ယာဉ်ဖြင့် ဧပြီ၇ရက်က လိုက်ပါသွားပြီဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အမေဇုန်မြစ်ကို ဖိဖိရက်ကြာ ကူးနိုင်သူ

ဘရာဆီးလီးယား ဧပြီ ၉

ဆလိုဗေးနီးယားနိုင်ငံမှ အသက် ၅၂နှစ်ရှိ မာတင်စတီးလ်ဆိုသူသည် ရေလမ်းခရီးမှ ၃၂၇၂မိုင် ရှည်လျားသည့် အမေဇုန်မြစ်ကို ၆၆ရက်ဖြင့် အလျားလိုက်ကူးနိုင်သည့် ပထမဆုံးရေကူးသမားဖြစ်လာကြောင်း၊ ၎င်းသည် ဧပြီ ၇ရက်က ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့ မြောက်ဘက် ကီလိုမီတာ ၂၄၄၀ အကွာ ဘီလင်အရပ်၌ ခရီးအဆုံးသတ်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

(အင်တာနက်)

ဂျာဗားပြည်နယ်၌ ရထားလမ်းချော် နှစ်ဦးသေဆုံး၊ ၂၃ဦးဒဏ်ရာရရှိ

ဂျကာတာ ဧပြီ ၉

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ် အလယ်ပိုင်း၌ ခရီးသည်တင်ရထားတစ်စီး ဧပြီ၇ရက်က လမ်းချော်ပြီး စပါးခင်းထဲထိုးကျသွားရာ နှစ်ဦးသေဆုံးပြီး ၂၃ ဦးဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ခရီးသည် ၄၀၀စီးနင်းလိုက်ပါလာသော အဆိုပါရထားသည် အဆိုပါပြည်နယ်ဆီမာရန်မြို့သို့ ဦးတည်ခုတ်မောင်းနေစဉ် ဒေသစံတော်ချိန် နံနက် ၃နာရီ ၁၅မိနစ်က လမ်းချော်တိမ်းမှောက်သွားခြင်းဖြစ်ကြောင်း နိုင်ငံပိုင်ရထားကုမ္ပဏီတစ်ခုမှ ပြောရေးဆို ခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

(အင်တာနက်)

ဖယောင်းတိုင်မီးကြောင့် မနီလာ၌ မီးလောင်

မနီလာ ဧပြီ ၉

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဧပြီ ၇ရက် နံနက်မိုးမသောက်မီ လောင်ခဲ့သော မီးကြောင့် မိသားစုဝင်ပေါင်း၁၄၀၀အိုးမဲ့အိမ်မဲ့များ ဖြစ်ခဲ့ရသည်။

အဆိုပါမီးမှာ ဖယောင်းတိုင်လဲကျရာမှ စတင်လောင်ကျွမ်းခဲ့ကြောင်း၊ နံနက်၂နာရီမှ စတင်လောင်ကျွမ်းရာ နံနက် ၈နာရီတွင် မီးညွှန့်ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ လူတစ်စုံတစ်ရာထိခိုက်မှုမရှိခဲ့ကြောင်း၊ သို့သော် လမ်းများကျဉ်းမြောင်းနေသဖြင့် မီးကို ခက်ခဲစွာငြိမ်းသတ်ခဲ့ရကြောင်း မီးသတ်ဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အလှမယ်

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ကျင်းပသည့် အလှမယ် ပြိုင်ပွဲ၌ ဆုရရှိသူ တစ်ဦးကို ဧပြီ ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ်ရှိ ကျန်ဟူရေကန်၌ လှေပြိုင်ပွဲကျင်းပနေသည်ကို ဧပြီ ၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ၂၀၀၈ ခုနှစ်တွင် ကျင်းပမည့် အိုလံပစ်ပွဲတော်အထိမ်းအမှတ်အဖြစ် လာဘ်ကောင်းသည်ဟု ယူဆကာ ထွင်းထုထားသည့် ဘူးသီးပုံသဏ္ဌာန် ပန်းပုအရုပ်လေးများ ပြသထားသည်ကို မေ ၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နီပေါသို့ ခရီးသွားဧည့်သည်များရောက်ရှိမှု ယခုနှစ် မတ်လအတွင်း မြင့်တက်

ခတ္တမန္ဒူ မေ ၉

နီပေါနိုင်ငံ၌ ယခုနှစ်မတ်လအတွင်း ခရီးသွားဧည့်သည်ရောက်ရှိမှုသည် ၃၃ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း၊ ယခင်နှစ် မတ်လကထက် နှိုင်းယှဉ်လျှင် ခရီးသွားရောက်ရှိမှု တိုးမြင့်လျက်ရှိကြောင်း နီပေါခရီးသွားလုပ်ငန်းအဖွဲ့က ပြောကြားသည်။

နီပေါ၌ ပြီးခဲ့သည့်လက နိုင်ငံတကာမှ ခရီးသွားများ လာရောက်မှုသည် စုစုပေါင်း ၃၄၁၂၂ ဦးရှိရာ အိန္ဒိယမှ ၂၀ရာခိုင်နှုန်းပါဝင်ကြောင်း ခတ္တမန္ဒူမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ လူဝင်မှုကြီးကြပ်ရေးအဖွဲ့ရုံးမှ စာရင်း မှတ်တမ်းများက ဖော်ပြသည်။

နိုင်ငံတကာ ခရီးသွားဧည့်သည်များရောက်ရှိမှုမှာ ဘင်္ဂလားဒေ့ရှ်မှ ၇၄ ဒသမ ၈ ရာခိုင်နှုန်း၊ တရုတ်မှ ၁၂၁ ဒသမ ၈ ရာခိုင်နှုန်းနှင့် မလေးရှားမှ ၁၃၆ဒသမ၆ ရာခိုင်နှုန်းနှင့် တောင်ကိုရီးယားမှ ၉၈ရာခိုင်နှုန်းတို့ဖြစ်ကြသည်။

မြင့်တက်

နီပေါနိုင်ငံသည် ကုန်သွယ်မှုနှင့် စီးပွားရေး တည်ငြိမ်မှုရှိခြင်း၊ နိုင်ငံ၏ လေကြောင်းလိုင်းများ ဖွံ့ဖြိုးတိုးတက်မှုရှိခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်း မြင့်တက်လာကြောင်း အဆိုပါခရီးသွားလုပ်ငန်းအဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆူနာမီ ကြိုတင်သတိပေးချက် လက်ခံမည့်မျှော်စင်များ ထိုင်းနိုင်ငံ အန်ဒမန်ကမ်းရိုးတန်း ပြည်နယ်များ၌တပ်ဆင်

ဗန်ကောက် မေ ၉

ထိုင်းနိုင်ငံတောင်ပိုင်း အန်ဒမန်ပင်လယ် ကမ်းရိုးတန်း တစ်လျှောက်ရှိ ပြည်နယ်ခြောက်ခုတို့တွင် ဆူနာမီကြိုတင်သတိပေးမှု လက်ခံမည့် မျှော်စင်များ တည်ဆောက်ပြီး မေ ၇ ရက်က စတင်စမ်းသပ်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ထိုင်းအမျိုးသား သဘာဝဘေးဒုက္ခ ကြိုတင်သတိပေးမှု ဆိုင်ရာဌာန (အင်န်ဒီဒဗလျူစီ)က ပြောကြားသည်။

ထုတ်ပြန်

အဆိုပါ ဆူနာမီကြိုတင်သတိပေးမှု စနစ်တပ်ဆင်ထားသည့် ပြည်နယ်များမှာ ကရာဘီ၊ ဖူးခက်၊ ဖန်နဂါ၊ ရနောင်တီနန်နှင့် ဆာတွန်ပြည်နယ်တို့တွင် ဖြစ်ကြောင်း အင်န်ဒီဒဗလျူစီ ညွှန်ကြားရေးမှူး စမစ်သွမ်ဆဝပ်က ပြောကြားသည်ဟု ထိုင်းသတင်းဌာနမှ သတင်းထုတ်ပြန်သည်။

တည်ဆောက်

ထိုပြည်နယ်များတွင် ဆူနာမီကြိုတင်သတိပေးမှု လက်ခံရယူမည့် မျှော်စင်ပေါင်း ၇၉ ခု တည်ဆောက်ထားပြီး ဆူနာမီကြိုတင် သတိပေးမှု အသံကို အဆိုပါ မျှော်စင်များမှ မီတာ ၅၀မှ မီတာ ၇၀အကွာအဝေးမှ အသံကြားရမည်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် ယခုနှစ်၌ ပင်လယ်ကွေ့ကမ်းခြေတစ်လျှောက် ပြည်နယ်များ၌ ဆူနာမီ သတိပေးမှုလက်ခံမည့် မျှော်စင် ၄၉ခု နောက်ထပ်တည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗီယက်နမ်တွင် မော်တော်ဆိုင်ကယ် သုံးစွဲသူများလာ

ဟန္နိုင်း မေ ၉

ဗီယက်နမ်နိုင်ငံတွင် ၂၀၀၇ ခုနှစ်အစောပိုင်းကာလက မော်တော်ဆိုင်ကယ်အစီးရေ သန်း ၂၀ ခန့်ရှိခဲ့ရာမှ ၂၀၁၀ပြည့်နှစ်၌ အစီးရေ ၂၅ သန်း၊ ၂၀၁၅ခုနှစ်တွင် အစီးရေ ၃၁ သန်းခန့်နှင့် ၂၀၂၀ပြည့်နှစ်တွင် မော်တော်ဆိုင်ကယ်အစီးရေ ၃၅သန်းခန့်ရှိလာမည်ဟု ခန့်မှန်းထားကြောင်း ဗီယက်နမ်နိုင်ငံ စက်မှုလုပ်ငန်းဆိုင်ရာ မူဝါဒရေးရာနှင့် မဟာဗျူဟာသိပ္ပံက ပြောကြားသည်။

ကျေးလက်ဒေသများတွင် ဈေးနှုန်းသက်သာသော မော်တော်ဆိုင်ကယ်များနှင့် မြို့ကြီးများတွင် ဈေးနှုန်း အသင့်အတင့်ရှိသော မော်တော်ဆိုင်ကယ်များ လိုအပ်လျက်ရှိကြောင်း၊ ဗီယက်နမ်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်က မော်တော်ဆိုင်ကယ် ၂ ဒသမ ၂သန်း ပိုမိုသုံးစွဲခဲ့ကြပြီး ယခုနှစ်တွင် မော်တော်ဆိုင်ကယ်စီးရေ ၂ ဒသမ ၅သန်းအထိ ဝယ်ယူသုံးစွဲကြမည်ဟု ခန့်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံတွင် လက်ရှိ လူဦးရေမှာ ၈၅ သန်းရှိပြီး ယခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း မော်တော်ဆိုင်ကယ် အစီးရေ ၃၃၈၀၀ ပြည်ပမှ တင်သွင်းခဲ့ရသည်။ ငွေကြေးကုန်ကျမှုမှာလည်း အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၁ သန်းရှိခဲ့သည်။

တင်သွင်း

တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်(တိုင်ပေ)တို့မှ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းမှုမှာလည်း ၃၄ ဒသမ ၈ ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာရှ-ပစိဖိတ်ဒေသ၌မော်တော်ကားအများဆုံးထုတ်လုပ်မှု တရုတ်နိုင်ငံဖြစ်လာမည်

ပေကျင်း မေ ၉

တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံ၏ မော်တော်ကားထုတ်လုပ်မှုကိုကျော်လွန်ကာ ၂၀၁၀ ပြည့်နှစ်၌ အာရှ- ပစိဖိတ်ဒေသ၏ မော်တော်ကားအများ ဆုံးထုတ်လုပ်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာတော့မည်ဟု ကမ္ဘာ့မော်တော်ကား ထုတ်လုပ်မှုဆိုင်ရာ ကျွမ်းကျင်သူများက မေ ၇ ရက်၌ ပြောကြားလိုက်သည်။

ထုတ်လုပ်

ဂျပန်နိုင်ငံသည် ပြီးခဲ့သော ၂၀၀၆ ခုနှစ်က မော်တော်ကားအစီးရေ ၁၀ ဒသမ ၈သန်းထုတ်လုပ်ခဲ့ပြီး တရုတ်နိုင်ငံက မော်တော်ကားအစီးရေ ၁၁ သန်းထုတ်လုပ်ခဲ့သည်။

ပါဝင်

သုတေသနပြုမှုအရ ဂျပန်မော်တော်ကားထုတ်လုပ်သူများအနေဖြင့် တရုတ်နိုင်ငံသို့ ပြောင်းရွှေ့ကာ မော်တော်ကားထုတ်လုပ်မှုများ ရှိလာခြင်းကြောင့်လည်း ပါဝင်ကြောင်း သိရသည်။

တစ်သန်းကျော်

အိန္ဒိယ၊ တောင်ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့သည်လည်း ဒေသအတွင်း တစ်နှစ်လျှင် မော်တော်ယာဉ်အစီးရေ တစ်သန်းကျော်ထုတ်လုပ်လျက်ရှိသည်။

(အင်တာနက်)

ကြက်ငှက်တုပ်ကွေး ရောဂါကြောင့် ကမ္ဘောဒီးယား၌ လူတစ်ဦးသေဆုံး

ဖနောင်ပင် မေ ၉

ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နှစ်နိုင်ငံနယ်စပ်ဒေသ၌ ဖိုဟမ်ကရက်မြို့၌ အမျိုးသမီးငယ်တစ်ဦးသည် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးခဲ့ရကြောင်း ကမ္ဘောဒီယား ကျန်းမာရေးဌာနက မေ ၅ ရက်က ပြောကြားသည်။ ကမ္ဘောဒီးယား၌ ကြက်ငှက်တုပ်ကွေး ရောဂါဖြင့် သေဆုံးသူခုနစ်ဦး ရှိသွားပြီဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီး ဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို ထုတ်ပြန်သောသတင်း၌ပါရှိသည်။

သေဆုံး

၎င်းအမျိုးသမီးငယ်သည် ကိုယ်အပူချိန်တက်လာပြီး ဝမ်းလျှောသဖြင့် ဒေသတွင်းရှိ ကန်သာဘိုဖာဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း သူမသည် ချောင်းဆိုးခြင်း၊ အသက်ရှူမဝခြင်းတို့ဖြစ်ကာ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဒေါ်လာ တစ်သန်းခွဲတန် ရှေးဟောင်းတယော

ဒေါ်လာတစ်သန်းခွဲတန်သော ရှားပါး တယောတစ်လက်ကို တွေ့ရစဉ်။ (ယာပုံ)

နယူးယောက်မြို့ ခရစ်စတီး လေလံရောင်းချရေးအဖွဲ့မှ ရောင်းချရန် ပြသထားသော တယောတစ်လက်မှာ ၁၇၂၉ ခုနှစ်က ပြုလုပ်ခဲ့သော တယောဖြစ်ပြီး အမေရိကန်ဒေါ်လာ တစ်သန်းခွဲခန့် ရရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **(အင်တာနက်)**

နှစ်ပေါင်း ၃၆၀၀ ခန့်က သချိုင်းဂူ

လွန်ခဲ့သော နှစ်ပေါင်း၃၆၀၀က သချိုင်းဂူတစ်ခုကို တွေ့ရစဉ်။(ဝဲပုံ)

အဆိုပါ သချိုင်းဂူကို တရုတ်နိုင်ငံ ဟီနန်ပြည်နယ်၌ ရေလွှဲဆည် စီမံကိန်းတစ်ခု ပြုလုပ်စဉ် မြေအောက်မှ တူးဖော်တွေ့ရှိရခြင်းဖြစ်ပြီး အိမ်ပုံစံ တည်ဆောက်ထားခြင်းဖြစ်သည်။ ၎င်း သချိုင်းဂူသည် လွန်ခဲ့သောနှစ်ပေါင်း ၃၆၀၀ ကျော်က ပြုလုပ်ခဲ့သည်ဟု တရုတ်သုတေသနပညာရှင်များက ခန့်မှန်းထားသည်။ **(အင်တာနက်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုပေါင်း ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာကျင်းပ

နေပြည်တော် ဧပြီ ၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ (၁၅)ကြိမ်မြောက်မိသားစု စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားကို ဧပြီ ၇ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ပျဉ်းမနားမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မဟာလယ်တီစံ ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်၊ ဘဒ္ဒန္တဣန္ဒာဝုဓထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်တို့ ရွတ်ဖတ်သရဇ္ဈာယ်တော် မူအပ်သော မေတ္တသုတ် ပရိတ်တရားတော်ကို ပရိသတ်များက နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်၊ သံဃာတော်များအား ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ယာပုံ)**

ရေစက်ချ အနုမောဒနာတရား

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြပြီး ဆရာတော်၊သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်ကြသည်။

သိမ်ဆင်းလောင်းလှူ

နံနက်ပိုင်းတွင်း ဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများသည် ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက်၌ (၁၅)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မိသားစု စုပေါင်း ရဟန်းခံ၊ ရှင်ပြုသိမ်တက် မင်္ဂလာပွဲတွင် ဆရာတော်၊သံဃာတော်များနှင့် ရဟန်း၊ ရှင်သာမဏေတို့အား သိမ်ဆင်းလောင်းလှူကြသည်။

စုပေါင်း ရဟန်းခံ၊ ရှင်ပြု

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ (၁၅)ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာတွင် နေပြည်တော်၌ ရဟန်းလောင်းအပါး ၂၀နှင့် ရှင်သာမဏေလောင်းကိုးပါး၊ ရန်ကုန်မြို့ရှိ ကျောင်းတိုက်များ၌ ရဟန်းလောင်း ၁၆၇ ပါး၊ ရှင်သာမဏေလောင်း အပါး ၄၀ တို့ကို ဥပသမ္ပဒကံဆောင် ရဟန်းဘောင်နှင့် ပဗ္ဗဇ္ဇအမွေ ရှင်သာမဏေအဖြစ် သွတ်သွင်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှူဒါန်း

ဒေါက်တာ ဦးမောင်မောင်- ဒေါ်မေမေယု မိသားစု(ခေတ္တ-USA)က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ အမှတ် (၂)အဝေးပြေးလမ်းမ ကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီမြင့်က လက်ခံယူစဉ်။ (က-ပ)

နှစ်စဉ် အကျိုးအမြတ်များ ရရှိနေသည့် မုဒုံမြို့နယ်က ကန်ကလေး ဥယျာဉ်ခြံ

သတင်းမှတ်စု - နုနုရီ နှင့် တင်တင်ဝင်း

ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၉

မွန်ပြည်နယ်သို့ သတင်းဆောင်းပါးများ ရေးသားရန် ရောက်ရှိနေသော မြန်မာ့အလင်း သတင်းအဖွဲ့သည် မတ် ၆ ရက်က မုဒုံမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကန်ကလေး ဥယျာဉ်ခြံသို့လည်း လေ့လာရေးခရီး ရောက်ရှိခဲ့ကြသည်။

စနစ်တကျ အပင်များကို စိုက်ပျိုးရပါတယ်။

ဦးခင်လတ်
လက်ထောက်ကြီးကြပ်ရေးမှူး၊
မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း၊
ကန်ကလေးဥယျာဉ်ခြံ၊ မုဒုံမြို့။

ကျယ်ဝန်း

ကန်ကလေး ဥယျာဉ်ခြံသည် ၁၇၉ ဧကကျယ်ဝန်းပြီး အမှန်တကယ်စိုက်ပျိုးနိုင်သည့် ဧကမှာ ၁၃၈ ဧကဖြစ်သည်။ အဓိက စိုက်ပျိုးသော အပင်များမှာ ဒူးရင်းပင်၊ ကြက်မောက်ပင်၊ မင်းကွတ်ပင်၊ ကျွဲကောပင်၊ အုန်းပင်၊ သီဟိုဠ်ပင်နှင့် ကြက်ဆူပင်တို့ဖြစ်သည်။

ကျေးရွာတစ်ရွာ ကုန်ထုတ်လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြု

ယင်းအပင်များကို စတင်စိုက်ပျိုးချိန်မှာ ဇွန်နှင့် ဇူလိုင်လများဖြစ်ပြီး ဒီဇင်ဘာလတွင် ပန်းပွင့်၍ အသီးထွက် ချိန်မှာ ဧပြီ၊ မေ၊ ဇွန်လများဖြစ်သည်။

စိုက်ပျိုးပုံ

ယင်းအပင်များကို စတင်စိုက်ပျိုးပုံမှာ (၃ပေ X ၃ပေ X ၃ပေ) ကျင်းထဲတွင် ယူရီးယား၊ တီစူပါ၊ ပိုတက်အရောနှ့် ဆီတစ်ဘူး၊ နွားချေး(သို့မဟုတ်) ကြက်ချေး တစ်တင်း၊ ချသတ်ဆေး ဇွန်းတစ်ဇွန်း၊ မဖောက်ထုံး နို့ဆီဘူးတစ်ဘူးတို့ကို ရောသမပြီး တူးလိုက်သည့် အပေါ်ယံမြေနှင့် ကျင်းထဲ ထည့်၍ တစ်လနှပ်ထားရသည်။

ပိုးမကိုက်

ဇွန်၊ ဇူလိုင်လများတွင် တစ်နှစ်သားမှ နှစ်နှစ်သားပျိုးပင်ကို မြေလုံးမပျက် ထည့်စိုက်ပြီးလျှင် ပင်ခြေရှိမြေကြီးကို အနက်ရောင် ပလတ်စတစ်နှင့် အုပ်ထားရသည်။ အနက်ရောင် ပလတ်စတစ်နှင့် အုပ်ထားရခြင်းမှာ ရေငွေ့ပျံမှု သက်သာခြင်း၊ အပင်ကို အစိုဓာတ် ထိန်းသိမ်းနိုင်ခြင်း၊ မြက်ပင် ပေါင်းပင် မတက်ခြင်း၊ ပင်ခြေကို ပိုးမကိုက်ခြင်းတို့ကြောင့် ဖြစ်သည်။

နွေကာလတွင် ရေပေးပြီး အနောက်ဘက်ကို ကျနေကာကွယ်ပေးရသည်။ ထိုသို့ ပြုလုပ်ပေးရသည်မှာ အချိန်အားဖြင့် တစ်နှစ်ဖြစ်သည်။ မိုးဦးတစ်ကြိမ်၊ မိုးနှောင်းတစ်ကြိမ် ယခင်နှုန်းထားအတိုင်း အစာကျွေးရသည်။

ရောင်းချ

ထိုအသီးများကို ရောင်းချရာတွင် ရာသီချိန်၌ ကုန်သည်များကို ကန်ထရိုက်စနစ်ဖြင့်ပေးပြီးပို့လျှံပါက ခြံအရောင်းဆိုင်တွင် ရောင်းချပေးသည်။ ရောင်းဈေးမှာ ဒူးရင်းသီးတစ်လုံးလျှင် ကျပ်လေးထောင်၊ကြက်မောက်သီးတစ်လုံးလျှင်ကျပ်တစ်ဆယ်၊ ကျွဲကောသီးတစ်လုံးလျှင်ကျပ်တစ်ရာ၊ မင်းကွတ်သီး တစ်လုံးလျှင် ကျပ်နှစ်ဆယ်နှင့် အုန်းသီးတစ်လုံးလျှင် ကျပ်ငါးဆယ်တို့ဖြစ်သည်။

ထိုအသီးများကို ရောင်းချရာတွင် နှစ်စဉ်အမြတ်များရရှိကြောင်းလည်း သိရှိရသည်။ ကန်ကလေး

တစ်ရာသီတွင် အသီးသီးမှုနှုန်းမှာ ဒူးရင်းသီးအလုံးလေးထောင်၊ မင်းကွတ်သီး အလုံးနှစ်သောင်း၊ ကြက်မောက်သီး ခုနစ်သိန်းနှစ်သောင်း၊ ကျွဲကောသီး အလုံးငါးထောင်၊အုန်းသီးအလုံးငါးထောင်၊ သီဟိုဠ်သီး ပိဿာ တစ်ထောင်တို့ဖြစ်သည်။

ကန်ကလေး ဥယျာဉ်ခြံမှ ဒူးရင်းသီးများ အစုလိုက်အပြုံလိုက် သီးနေသည်ကို တွေ့ရစဉ်။

ဥယျာဉ်ခြံအတွင်း ခေတ္တရောက်ရှိချိန်တွင် အပင်များ၏ စိမ်းလန်းစိုပြည်မှု အစီအရီ စနစ်တကျ စိုက်ပျိုးထားသော အပင်များကို လေ့လာကြည့်ရှုခွင့်ရသဖြင့် တစ်နေ့တာ ပင်ပန်းနွမ်းနယ်မှုများ လွင့်ပျောက်စေပြီး အားသစ်အင်သစ်များလည်း တိုးစေပြီး ဗဟုသုတလည်း ရရှိစေသည့် လေ့လာရေး တစ်ထောက်မှ သတင်းမှတ်စုအဖြစ် လေ့လာ တင်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မုဒုံမြို့ ကန်ကလေး ဥယျာဉ်ခြံကို ဤသို့တွေ့ရသည်။

မန်ယူတို့ ချယ်လ်ဆီးနှင့်မကစားဖြစ်သေးသည်မှာ ကံကောင်းနေဟု မော်ရင်ဟိုပြောကြား

လန်ဒန် မေ ၉

မန်ချက်စတာယူနိုက်တက်အသင်းသည် မိမိတို့ ချယ်လ်ဆီးအသင်းနှင့် လာမည့်သီတင်းပတ်များတွင် မကစားနိုင်သေးသည်မှာ ကံကောင်းနေခြင်းဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက မန်ယူနည်းပြ ဖာဂူဆန်အား မခံသာအောင် ပြောကြားလိုက်သည်။

ချယ်လ်ဆီး နည်းပြ မော်ရင်ဟို။ (ဓာတ်ပုံ–အင်တာနက်)

ချယ်လ်ဆီးအသင်းသည် ဧပြီ ၇ရက်က တော့တင်ဟမ်အသင်းကို တစ်ဂိုး– ဂိုးမရှိဖြင့် နိုင်လိုက်ချိန်တွင် မန်ချက်စတာယူနိုက်တက် အသင်းသည် ပို့စ်မောက်အသင်းကို နှစ်ဂိုး– တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မန်ယူတို့ လာမည့် သီတင်းပတ်တွင် စတမ်းဖို့ဒ်ဘရစ်၌ လာရောက်မကစားဖြစ်ခြင်းမှာ အလွန့်အလွန် ကံကောင်းခြင်းသာဖြစ်ကြောင်း၊ မန်ယူကို လိုက်မီရန် သုံးမှတ်သာလိုတော့ကြောင်း၊ မန်ယူနှင့် ချယ်လ်ဆီးတို့ လာမည့်အပတ်တွင် ကစားခဲ့ပါက မန်ယူကိုနိုင်ပြီး ရမှတ်ချင်းတူသွားနိုင်ကြောင်း မော်ရင်ဟိုက ပြောကြားသည်။

မန်ယူ၏လက်ကျန် ခြောက်ပွဲ

မန်ယူတို့သည် ပရီမီယာလိဂ် လက်ကျန် ခြောက်ပွဲကစားရန် ကျန်ရှိနေသေးသည်။

ဧပြီ၇ရက်တွင်အိမ်ကွင်း၌ ရက်ဖ်ီး အသင်းနှင့်လည်းကောင်း၊ ဧပြီ ၂၁ရက်တွင် အိမ်ကွင်း၌ မစ်ဒယ်ဘရော့အသင်းနှင့် လည်းကောင်း၊ ဧပြီ၂၈ရက်တွင် အဝေးကွင်း၌ အဲဗာတန်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆက်လက်၍ မေ၅ရက်တွင် အဝေးကွင်း၌ မန်စီးတီးအသင်းနှင့် လည်းကောင်း၊ မေ ၉ရက်တွင် အဝေးကွင်း၌ ချယ်လ်ဆီးအသင်းနှင့်လည်းကောင်း၊ မေ ၁၃ရက်တွင် အိမ်ကွင်း၌ ဝက်စ်ဟမ်းအသင်းနှင့် လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကစားရန်ရှိနေသည်။

ချယ်လ်ဆီး၏လက်ကျန်ခြောက်ပွဲ

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပွဲကစားရန် ခြောက်ပွဲကျန်ရှိနေသေးသည်။ ယင်းတို့မှာ ဧပြီ ၁၈ရက်တွင် အဝေးကွင်း၌ ဝက်စ်ဟမ်းအသင်းနှင့် လည်းကောင်း၊ ဧပြီ ၂၂ရက်တွင် အဝေးကွင်း၌ နယူးကာဆယ် အသင်းနှင့် လည်းကောင်း၊ ဧပြီ ၂၈ရက်တွင် အိမ်ကွင်း၌ ဘော်လ်တန်အသင်းနှင့် လည်းကောင်း ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

ဆက်လက်၍ ချယ်လ်ဆီး အသင်းသည် မေ၆ရက်တွင် အဝေးကွင်း၌ အာဆင်နယ်အသင်းနှင့် လည်းကောင်း၊ မေ ၉ရက်တွင် အိမ်ကွင်း၌ မန်ယူနှင့် လည်းကောင်း၊ မေ၁၃ရက်တွင် အိမ်ကွင်း၌ အဲဗာတန်နှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရန်ရှိနေသည်။

(အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

◆ အာဆင်နယ် ဂိုးသမား ဂျင်းလေမန်းသည် အာဆင်နယ်နှင့် စာချုပ်ကုန်ဆုံးတော့မည်ဖြစ်၍ နှစ်နှစ်စာချုပ် တိုးချုပ်ဆိုရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

◆ **ဘာစီလိုနာအသင်းသည် စပိန်လာလီဂါအဖြစ် ဇာရာဂိုဇာအသင်းနှင့်ယှဉ် ပြိုင်ကစားရာတွင် တစ်ဂိုး– ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့၍ သုံးနှစ်ဆက်တိုက်ဖလားရယူနိုင်ရေးအတွက် ကြိုးပမ်းမှုကို ပြိုင်ဘက်ဆီဗီလာနှင့် ရီးရဲမက်ဒရစ်တို့က ဖိအားပေးလိုက်သည်။**

◆ မိုက်ကယ်အိုဝင် နယူးကာဆယ် အသင်းတွင်ပါဝင်ကစားတော့မည်ဖြစ်သော်လည်း ပို့စ်မောက်နှင့်လာမည့် ဧပြီ၄ရက်နေ့ပွဲစဉ် အချိန်မီပြန်လာလိမ့်ဦးမည် မဟုတ်ကြောင်း နည်းပြဂလင်းရိုဒါက ပြောကြားလိုက်သည်။

◆ **အာဆင်နယ်အသင်း၏ ရှယ်ယာများကို အမေရိကန်သူဌေး စတန်ခရွန်ကီက ဝယ်ယူခဲ့သဖြင့် အာဆင်နယ်အသင်းတွင် ကြီးကြီးမားမား ရင်းနှီးမြှုပ်နှံစရာမလိုကြောင်း မန်နေဂျာ အာစင်ဝင်းဂါးက ပြောကြား လိုက်သည်။**

◆ မော်စကိုမြို့တွင် ဧပြီ ၈ရက်က ကျင်းပလျက်ရှိသည့် ဒေးဗစ်ဖလားအမျိုးသား တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဟောင်း မာရက်ဆာဖင်သည် ပြင်သစ်မှ ပေါလ်ဟန်ရီအား ရှုံးနိမ့်သွားသည်။

◆ **ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်၏ အမျိုးသမီး မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲဝင်ရောက်ရန် ရွေးချယ်ပွဲ၌ ဗြိတိန်အပြေးမယ် ဂျိုပါဗေက ၃၂မိနစ် ၂၁ဒသမ ၁၉စက္ကန့်ဖြင့် ပြေးခဲ့သဖြင့် ပြိုင်ပွဲနှင့် လွဲရဖွယ်ရှိနေသည်။**

◆ ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ မစ်ဒယ်ဝိတ် ချန်ပီယံ ဂျာမိန်းတေလာနှင့် စိန်ခေါ်သူ ဂျို့ကာဇက်ဟောတို့ လာမည့်ဇွန်လ၌ လက်ဝှေ့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

စီရိုနယ်ဒို မန်ယူ၌သာ ဆက်ကစားသင့် ရီးရဲမက်ဒရစ်မှ ဒေးဗစ်ဘက်ခမ်း အကြံပြု

စုစည်းတင်ပြသူ မြင့်မောင်စိုး

မန်ယူ တောင်ပံကစားသမား စီရိုနယ်ဒို။ (ဓာတ်ပုံ–အင်တာနက်)

လန်ဒန် မေ ၉

မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုအား ထူးချွန်သော ကစားသမားအဖြစ် ဆက်လက်ရပ်တည်ရန် မန်ယူ၌သာ ဆက်လက်နေသင့်ကြောင်း အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းက အကြံပြုပြောကြားလိုက်သည်။ ပေါ်တူဂီတောင်ပံကစားသမား စီရိုနယ်ဒိုအား ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့က ခေါ်ယူရန် မကြာသေးမီက အဆက်အသွယ်များ ပြုလုပ်ခဲ့ကြသည်။

ဒေးဗစ်ဘက်ခမ်းသည် ၁၉၉၈ခုနှစ် ကမ္ဘာ့ဖလား၌ အနီကတ်ရပြီး ထွက်ခဲ့ရသလို ရွှန်နေသည်လည်း ၂၀၀၆ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်တွင် အနီကတ်ရပြီး ထွက်ခဲ့ရသည်။ သို့သော်လည်း ဘက်ခမ်းက စီရိုနယ်ဒိုအား မန်ယူ၌သာနေသင့်ကြောင်း အကြံပြုခဲ့သည်။

(အင်တာနက်)

ချန်ပီယံလိဂ်ကစားရန် အသင့်ဖြစ်နေ ကွင်းလယ်ကစားသမားအက်ဆီယန် ပြောကြား

လန်ဒန် မေ ၉

ဂါနာကစားသမား မိုက်ကယ်အက်ဆီယန်က ၎င်းအနေဖြင့် ချယ်လ်ဆီးအသင်းအတွက် ဗလင်စီယာသို့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယ အကျော့အဖြစ် ဧပြီ၁၀ရက်တွင် သွားရောက်ကစားရန် ကျန်းမာကြံ့ခိုင်မှုရှိနေပြီဖြစ်ကြောင်း၊ သို့ရာတွင် ချယ်လ်ဆီးတို့ မိမိမပါဘဲ အောင်ပွဲခံလိမ့်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အသက် ၂၄ နှစ်ရှိ အက်ဆီယန်သည် မတ်၁၁ရက်က အက်ဖ်အေပွဲကစားစဉ် ဒူးဒဏ်ရာရရှိခဲ့၍ အနားယူနေရခြင်းဖြစ်သည်။ ချယ်လ်ဆီးတို့ မော်ရင်ဟို ကိုင်တွယ်သည့် သုံးနှစ်တာကာလအတွင်း ဒုတိယအကြိမ် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ တက်ရောက်ရန်လည်းယုံကြည်မှု အပြည့်အဝရှိကြောင်း ၎င်းက ပြောကြားလိုက်သည်။ **(အင်တာနက်)**

မန်ယူတိုက်စစ်မှူး လူးဝစ်ဆာဟာ

ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ

လန်ဒန် မေ ၉

ပရီမီယာလိဂ်ထိပ်တန်း မန်ယူအသင်းကို အောင်မြင်မှုများရရှိအောင် ဆောင်ကြဉ်းပေးနေသူများတွင် တိုက်စစ်မှူး ဆာဟာတစ်ယောက်လည်း အပါအဝင်ဖြစ်သည်။

လူးဝစ်ဆာဟာသည် တစ်ဖက်အသင်း နောက်တန်းကို တွန်းတွန်းတိုက်တိုက် ထိုးဖောက်ကစားတတ်ပြီး ကြံ့သလို ဂိုးသွင်းနိုင်သော တိုက်စစ်မှူးတစ်ဦးဖြစ်ရာ ပြိုင်ဘက်အသင်းတိုင်းက သတိထားရသည့် တိုက်စစ်မှူးတစ်ဦးလည်းဖြစ်သည်။

စံချိန်မီ

လူးဝစ်ဆာဟာကို ၁၉၇၈ ခုနှစ် ဩဂုတ် ၈ရက်၌ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် မွေးဖွားခဲ့ခြင်းဖြစ်ရာ ယခုအခါ အသက် ၂၈ နှစ် ပြည့်ခဲ့ပြီ ဖြစ်သည်။ ဆာဟာ၏အရပ်မှာ ခြောက်ပေရှိရာ တိုက်စစ်မှူးတစ်ဦး၏ အရပ်အနေအထား စံချိန်မီလျက်ရှိနေသည်။

ဂိုးသွင်းယူ

ပရီမီယာလိဂ်သို့ ဆာဟာခြေချခဲ့သည်မှာ ၂၀၀၁–၂၀၀၂ ဘောလုံးရာသီ၌ဖြစ်ပြီး ပရီမီယာလိဂ်၌ ပထမဆုံးကစားခဲ့သော အသင်းမှာ ဖူလ်ဟမ်ဖြစ်လေသည်။ ထိုနှစ်က ဖူလ်ဟမ်အတွက် ပရီမီယာလိဂ် ၁၉ ပွဲ ကစားပေးခဲ့ပြီး ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သလို ကားလင်းဖလား ဘောလုံးပြိုင်ပွဲတွင်လည်း တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဖူလ်ဟမ်အသင်းသို့ ရောက်ရှိသည့်နှစ်မှာပင် ဆာဟာက ကိုးဂိုးသွင်းယူပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဒဏ်ရာရ

ဖူလ်ဟမ်အသင်းတွင် ကစားနေသော ဆာဟာသည် ၂၀၀၂–၂၀၀၃ခုနှစ် ဘောလုံးရာသီတွင် ခြေထောက်ဒဏ်ရာများရရှိခဲ့သဖြင့် ပွဲတိုင်းမကစားနိုင်ဘဲ ပရီမီယာလိဂ်ဘောလုံးပွဲပေါင်း ၁၃ပွဲသာ ကစားပေးနိုင်ခဲ့ပြီး ငါးဂိုးသာ သွင်းယူနိုင်ခဲ့သည်။

သို့သော်လည်း ဆာဟာ၏ဂိုးရေိယာအတွင်း ရဲရဲဝံ့ဝံ့ ထိုးဖောက်ကစားတတ်မှု၊ ဂိုးသွင်းရည်ထက်မြက်မှုတို့ကြောင့် မန်ယူနည်းပြ ဖာဂူဆန်က

တိုက်စစ်မှူး လူးဝစ်ဆာဟာ

မန်ယူအတွက် အောင်မြင်မှုများရရှိရန် ဂိုးများသွင်းယူပေးနေသော တိုက်စစ်မှူး လူးဝစ်ဆာဟာ။ (ဓာတ်ပုံ–အင်တာနက်)

အရခေါ်ယူခဲ့ရာ ၂၀၀၃–၂၀၀၄ ဘောလုံးရာသီတွင် မန်ယူကလပ်သို့ပြောင်းရွှေ့ခပေါင် ၁၂သန်းဖြင့် ရောက်ရှိလာခဲ့သည်။

ပရီမီယာလိဂ် ထိပ်တန်းကလပ် မန်ယူသို့ရောက်ရှိလာသော ဆာဟာသည် ပထမစရောက်သည့် နှစ်မှာပင် ပရီမီယာလိဂ်ပွဲပေါင်း ၁၂ ပွဲ မန်ယူအတွက် ကစားပေးခဲ့ရာ ဂိုး ၇အထိ သွင်းယူပေးနိုင်ခဲ့သဖြင့် ပြိုင်ဘက်တိုက်စစ်မှူးများ အံ့အားသင့်သွားစေခဲ့သည်။ ထိုနှစ်က ဆာဟာသည် ဘောလုံးပွဲပေါင်း ၃၀ပါဝင်ကစားခဲ့ရာ ဂိုးပေါင်း ၁၂ဂိုးအထိ သွင်းယူနိုင်အောင် ခြေစွမ်းပြခဲ့သည်။

၂၀၀၄–၂၀၀၅ ဘောလုံးရာသီတွင် ခြေထောက်ဒဏ်ရာရရှိခဲ့သဖြင့် မန်ယူအတွက် ပရီမီယာလိဂ် ခုနစ်ပွဲ ကစားပေးခဲ့ပြီး တစ်ဂိုးသာ သွင်းယူပေးနိုင်ခဲ့သည်။ ထို့အတူ ထိုနှစ်က ပြင်သစ်လက်ရွေးစင်ဘောလုံးအသင်းတွင် နိုင်ငံတကာ ချစ်ကြည်ရေးခြေစမ်းပွဲ လေးပွဲကစားပေးခဲ့ရာ နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ထိုနှစ်တစ်နှစ်လုံး လူးဝစ်ဆာဟာတစ်ယောက် ဒဏ်ရာဖြင့် နပန်းလုံးနေခဲ့ရသဖြင့် ခြေစွမ်းလည်း ပေါ်အောင်မကစားနိုင်ခဲ့ချေ။

ဒဏ်ရာရရှိ

မန်ယူတွင် လူးဝစ်ဆာဟာ တစ်ယောက်ကြံ့ခိုင်မှုမပြည့်ဝခြင်းနှင့် ဒဏ်ရာရရှိနေခြင်းတို့ကြောင့် ပွဲချိန်ပြည့်ပါဝင်ကစားနိုင်မှုလည်း မပြုလုပ်နိုင်ခဲ့ချေ။

၂၀၀၅–၂၀၀၆ ဘောလုံးရာသီတွင်မူ ခြေထောက်ဒဏ်ရာ သက်သာလာသဖြင့် မန်ယူအတွက် ပရီမီယာလိဂ် ပွဲစဉ် ၁၂ပွဲကစားခဲ့ရာတွင် ခုနစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး မန်ယူအတွက် ကားလင်းဖလားဘောလုံးပြိုင်ပွဲတွင် ငါးပွဲကစားပေးခဲ့ရာ ခြောက်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထို့အတူ အက်ဖ်အေဖလားပွဲသုံးပွဲပါဝင် ကစားပေးခဲ့ရာ နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

အနားယူ

ထိုသို့ ဘောလုံးပြန်လည်ကစားသည်မှ မကြာမီ ဒူးခေါင်းဒဏ်ရာရရှိခဲ့ပြန်သဖြင့် ခွဲစိတ်ကုသမှုခံယူရန် အနားယူခဲ့ရပြန်သည်။ ၂၀၀၆–၂၀၀၇ ဘောလုံးရာသီတွင် လူးဝစ်ဆာဟာတစ်ယောက် ဒူးခေါင်းဒဏ်ရာသက်သာလာသဖြင့် မန်ယူအတွက် ပရီမီယာလိဂ် ဘောလုံးပွဲ ၁၈ ပွဲ ကစားပေးနိုင်ခဲ့ပြီး ရှစ်ဂိုးသွင်းယူပေးထားသည်။

ထောက်ခံထား

ထို့အပြင် မန်ယူအတွက် ချန်ပီယံလိဂ် ပွဲစဉ် ငါးပွဲကစားပေးခဲ့ပြီး လေးဂိုးသွင်းယူပေးထားသည်။ သို့သော်လည်း ဒူးခေါင်းဒဏ်ရာ မသက်သာသဖြင့် ပွဲတိုင်းပါဝင်မကစားနိုင်ခဲ့ချေ။ ဆာဟာသည် မန်ယူတိုက်စစ်တွင် အားထားရသော တိုက်စစ်မှူး တစ်ယောက်ဖြစ်သည်ကို နည်းပြ ဖာဂူဆန်က အပြည့်အဝ ထောက်ခံထားသည်။

ယုံကြည်လျက်ရှိ

လူးဝစ်ဆာဟာသည် ကြံ့ခိုင်မှုများပြန်လည် ပြည့်ဝလျှင် အကောင်းဆုံးခြေစွမ်းပြန်ပြနိုင်ပြီး ဂိုးများအဆက်မပြတ် သွင်းယူနိုင်သော တိုက်စစ်မှူးတစ်ဦး ဖြစ်ကြောင်း ဖာဂူဆန်က ယုံကြည်လျက်ရှိသည်ကို ရေးသားဖော်ပြလိုက်ပါသည်။ ။

(ကိုးကား အင်တာနက်)

ဘုရား၊ ရဟန်း၊ **သိမ်၊ကျောင်း၊မုခ်ဦး၊** တံတိုင်း၊ ဗိမာန်၊ ရေတွင်း၊ ရေကန် ဒါယကာ ဖခင်ကြီး ဦးသန်းလှ (ပဲခူး) အား ရည်စူး၍ ဇနီး ဒေါ်ခင်စိန်နှင့် သားသမီး၊မြေးမြစ်တစ်စု တို့က ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၇) ရပ်ကွက် ဗဟိုလမ်း လှိုင်ရတနာ ပရိယတ္တိ စာသင်တိုက် အတွင်း၌ သန္တာရတနာဘောဂ သုံးထပ်ကျောင်းဆောင်ဆောက်လုပ်ရန် အလှူငွေကျပ်နှစ်သိန်းကို လှိုင်ရတနာ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေး အောင်မြေသာစံ၌ ဆောင်ရွက်

မန္တလေး မတ် ၂၀

မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်း ရပ်ကွက် (၁၉)ရပ်ကွက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက ပြည်ကြီးရန်လုံရပ်ကွက်သို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူသည် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူးဦးလှမောင်၊ တပ်ခွဲမှူးဦးဝင်းစိန်၊ဦးတင်မောင်ဝင်းတို့ လိုက်ပါလျက် စစ်ဆေးကြသည်။

ရှေးဦးစွာ မြို့နယ်အရန်မီးသတ် စခန်းရုံးတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အရန်မီးသတ်တပ်စုမှူး ဦးခင်မောင်ရင်နှင့် တပ်ဖွဲ့ဝင်များအားတွေ့ဆုံပြီး ပူပြင်းခြောက်သွေ့သော နွေရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးကြိုတင်ကာကွယ်ရေး အစဉ်သတိရှိရှိ ဆောင်ရွက်ရန်နှင့် ရှောင်ရန်ကိစ္စရပ်များ ပြောကြားသည်။

တာဝန်သိသိ

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့သည် မီးဘေးစိုးရိမ်ရသော အကွက်နှင့် ဝင်းကြားများ တစ်အိမ်တက်ဆင်း ထင်းမီး၊ မီးသွေးမီးဖြင့် ချက်ပြုတ်နေမှုများ၊ ဟောင်းနွမ်း ဆွေးမြေ့နေသော ကပ်မိုးထရံကာများ၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးထားရှိမှု၊ အရေးပေါ်ဝင်ပေါက်၊ ထွက်ပေါက်၊ ရေအလွယ်တကူရရှိနိုင်မှုနှင့် မီးသတ်ယာဉ် ဝင်၊ထွက်နိုင်ရေးများ၊ မီးလောင်လွယ်စေသည့် ချုံနွယ်အမှိုက်သရိုက်များကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများမီးဘေးကြိုတင်ကာကွယ်ရေးကို တာဝန်သိသိဖြင့် ဝိုင်းဝန်းဆောင်ရွက်ရေးတို့ကို ပညာပေးပြောကြားခဲ့ကြောင်းသိရသည်။ **(၁၆၂)**

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (စည်းကမ်း) ဦးမြင့်လွင်နှင့်အဖွဲ့ဝင်ထမ်းများ အနေးယာဉ်များကြံ့ခိုင်မှု၊ လမ်းစည်းကမ်း ယာဉ်စည်းကမ်း လိုက်နာဆောင်ရွက်မှုရှိစေရေးအတွက် ဧပြီ ၁ ရက်မှစ၍ မြင်းခြံမြို့ ဗိုလ်ချုပ်လမ်းမအနီးရှိ အနေးယာဉ်ဂိတ်များ၊ လမ်းဆုံ၊ လမ်းခွနေရာများ၊ အဝေးပြေးယာဉ်ရပ်နားစခန်း၊ ဈေးပတ်လမ်းများရှိ အနေးယာဉ်ဂိတ်များတွင် စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ဖြူးမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

ဖြူး ဧပြီ ၂

ဖြူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို မတ် ၂၅ ရက် မွန်းလွဲ ၁နာရီက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အဆောက်အအုံရှိ မြို့နယ်စာပေနှင့်စာနယ်ဇင်းရုံးခန်း၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့အမှုဆောင် ဦးသန်းနိုင်(တောင်ငူ-လူမော်)က ဆောင်ရွက်သည်။

အစည်းအဝေးတွင် သဘာပတိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်တို့က အမှာစကားပြောကြားကြပြီး ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် တက္ကသိုလ် ဝင်တန်း၌ တစ်ဦးတည်း မြန်မာစာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ဖြူးမြို့နယ် ညောင်ပင်သာ အထက မှ မချယ်ရီကျော်အား ဂုဏ်ပြုဆုငွေပေးအပ်ရခြင်း ရည်ရွယ်ချက်ကို အမှုဆောင် ဦးစိုးနိုင် (ရွှေဖြူးမောင်ယဉ်နိုင်)က ရှင်းလင်းတင်ပြ၍ ဂုဏ်ပြုဆုငွေကျပ် ၅၀၀၀ကို မချယ်ရီကျော်ကိုယ်စား စာနယ်ဇင်း အဖွဲ့ဝင် ဦးထွန်းလွင် (မောင်ဖုးငုံ)အား မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး **(အပေါ်ပုံ)**က ပေးအပ်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်သန်းက ပေးအပ်သည်။

ဖတ်ကြား

ဆက်လက်၍ မြို့နယ်အမှုဆောင်ကော်မတီ၏ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစီရင်ခံစာကို အတွင်းရေးမှူး ဦးမြင့်စိုး (မောင်မိုင်းညို့-ချောင်းဦး)က လည်းကောင်း၊ ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးကျော်ဆွေဝင်း(ကျော်ဆွေဝင်း-ရွှေအင်း)ကလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

အတည်ပြု

ထို့နောက် နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို အဖွဲ့ဝင်နှစ်ဦးတို့က အကြံပြုဆွေးနွေးကြပြီး အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို သဘာပတိကအတည်ပြု၍ ဆုံးဖြတ်ချက်သုံးရပ်နှင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်အတည်ပြုကြသည်။ **(၂၈၄)**

ကျေးလက်ဖွံ့ဖြိုးရေး မြင်းမူမြို့၌ဆောင်ရွက်

မြင်းမူ ဧပြီ ၂

မြင်းမူမြို့နယ်ဆပ္ပန်းကုန်းကျေးရွာအုပ်စုတွင် မတ် ၁၈ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်း ဦးဆောင်သော ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ဆပ္ပန်းကုန်းကျေးရွာနှင့် ဆိပ်သာကျေးရွာသို့ သွားရောက်ပြီး ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအဆင့်ဆင့်နှင့် ပညာရေး၊ ကျန်းမာရေး ဆောင်ရွက်မှုများကို လည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးစိန်သန်းက ဆေးလိပ်နှင့် ဆေးရွက်ကြီး ဥပဒေအကြောင်းကိုလည်းကောင်း ပညာပေးဟောပြောကြသည်။

ယင်းနောက် မြို့နယ်ဥက္ကဋ္ဌက ဆပ္ပန်းကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင် သွပ်မိုးရန်အတွက် ငွေကျပ် ၃၀၀၀၀ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

ပင်လည်ဘူး ပညာရွှေပြည်စာကြည့်တိုက် အဆောက်အအုံဖွင့် သုတ၊ ရသ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ပင်လည်ဘူး မတ် ၃၁

စစ်ကိုင်းတိုင်း ကသာခရိုင် ပင်လည်ဘူးမြို့နယ် နောင်မူးအုပ်စု နောင်ရင်းရွာ ပညာရွှေပြည်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၃ ရက်က ပညာရွှေပြည် စာကြည့်တိုက်တွင် ကျင်းပသည်။

အကုန်အကျခံ

ပညာရွှေပြည်စာကြည့်တိုက်တွင် ဂန္ထဝင်စာပေများ၊ သမိုင်းဝတ္ထု၊ ဗုဒ္ဓဝင်ကျမ်းစာများ၊ သုတ ရသ စာအုပ်များ၊ အမျိုးသားစာပေဆုရ စာအုပ်များကို အခြေပြု၍ နောင်ရင်းရွာ ဘုန်းတော်ကြီးကျောင်းဆရာတော် အရှင်ပညာ သီရိက ဦးစီး၍ ငွေကျပ် ၄၆သိန်းကျော် အကုန်အကျခံ၍ တည်ဆောက်ခြင်းဖြစ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် စာကြည့်တိုက်အဆောက်အအုံသစ်ကို နောင်ရင်းရွာကျောင်းထိုင်ဆရာတော်အရှင်ပညာသီရိ၊ ကျေးရွာဥက္ကဋ္ဌ ဦးရန်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြမွန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မင်းဘူးမြို့ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးအဖွဲ့ မြို့သစ်မြို့တွင် ကွင်းဆင်းမျက်စိစစ်ဆေး၊ ခွဲစိတ်ကုသပေး

မြို့သစ် ဧပြီ ၃

မြို့သစ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မင်းဘူးမြို့ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မတ်၂၇ရက်မှ ၂၉ရက်အထိ မကွေးခရိုင် မြို့သစ်မြို့တွင် ကွင်းဆင်းမျက်စိစစ်ဆေး၊ ခွဲစိတ်ကုသပေးခဲ့သည်။

မျက်စိစစ်ဆေးကုသ

မင်းဘူးမြို့ မျက်ခမ်းစပ်နှင့် မျက်မမြင် ကာကွယ်ရေး စီမံကိန်းအဖွဲ့မှ မျက်စိ အထူးကုဆရာဝန် ဒေါက်တာအောင်ဆန်းဝင်း၊ ဒေါက်တာဝင်းဗိုလ်သန်းနှင့် အဖွဲ့သည် မြို့သစ်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် မျက်စိလူနာ၁၁၅၀အား စစ်ဆေးကုသပေးကြသည်။ **(အောက်ပုံ)**

မျက်စိကွင်းဆင်းခွဲစိတ်

အတွင်းတိမ်လူနာ ၃၄ ဦးကို မြို့သစ်မြို့ ပြည်သူ့ဆေးရုံ၌ ခွဲစိတ်ကုသပေးပြီး မျက်ကြည်မှန်များ အခမဲ့ တတ်ဆင်ပေးခဲ့သည်။ အသေးစားခွဲစိတ်ကုသမှု ၂၀ကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ ခွဲစိတ်ရန် ကျန်ရှိသော အတွင်းတိမ်လူနာ ၃၄ဦးအား မင်းဘူးမြို့ မျက်စိကုဌာနသို့ခေါ်ယူ၍ အခမဲ့ခွဲစိတ်ကုသမှု ခံယူနိုင်ရန် ဆောင်ရွက်ပေးခဲ့သည်။

ပူးပေါင်းပါဝင်

ကွင်းဆင်းမျက်စိခွဲစိတ်ကုသမှုများကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန် ဒေါက်တာတိုးတိုးနှင့် ပြည်သူ့ဆေးရုံ ဝန်ထမ်းများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည်။

လှူဒါန်းခဲ့

အဆိုပါ ဆေးကုသမှု ကုန်ကျစရိတ်အားလုံးကို ရေနံချောင်းမြို့ စတားမော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးမှ ဦးရဲမြင့်၊ဒေါ်ဝင်းမော်ထွန်းတို့က လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကျန်းမာရေး)**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဘောလုံးအသင်းနှင့် ဒိုက်ဦးလက်ရွေးစင်ဟောင်းများ ဘောလုံးအသင်းတို့ယှဉ်ပြိုင်

ဒိုက်ဦး ဧပြီ ၇

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် လက်ရွေးစင်ဟောင်းများ ဘောလုံးအသင်းနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို မတ် ၃၀ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးတော့ရယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အား/ကာ ဦးစီးအရာရှိ ဦးဇော်ဇော်ထွန်းနှင့် မြို့နယ်အား/ကာ ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဦးကျော်ဇောလင်း ခေါင်းဆောင်သည့် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ လူမင်း၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မင်းမော်ကွန်းတို့နှင့် အနုပညာရှင်များ၊ အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။ ထို့နောက် အနုပညာရှင်များက မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီခွဲအထိ စင်တင်တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲတွင် နှစ်ဖက်ဘောလုံးအားကစားသမားများအား မြို့နယ်ဥက္ကဋ္ဌ ဦးတော့ရယ်နှင့်အဖွဲ့ဝင်များက **(အပေါ်ပုံ)** လိုက်လံနှုတ်ဆက်အားပေးပြီး ဘောလုံးပြိုင်ပွဲကို ပျော်ရွှင်စွာ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

နွားထိုးကြီးမြို့နယ်၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုကက်ဆက်နှင့် ဒီဗွီဒီပြစက်လှူဒါန်း

နွားထိုးကြီး ဧပြီ ၅

စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် လှူဒါန်းပွဲအခမ်းအနားကို မတ် ၂၇ရက်က နွားထိုးကြီးမြို့နယ် ကြာပွားကျေးရွာ မင်းကျောင်းတိုက်ရှိ မျိုးဆက်သစ် စာကြည့်တိုက်တွင် ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားကို စာကြည့်တိုက်အလှူရှင်ဆရာတော်ဘဒ္ဒန္တ ကောဝိဒ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲမြင့်အောင်နှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးရဲမြင့်အောင်က အမှာစကားပြောကြားပြီး စာကြည့်တိုက်အလှူရှင်ဆရာတော်ဘဒ္ဒန္တ ကောဝိဒက စာကြည့်တိုက်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြား၍ မြို့နယ်ဦးစီးမှူး ဦးထိန်လင်းက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏အကျိုးကို ရှင်းလင်းဆွေးနွေးသည်။

လွှဲပြောင်း

ဆက်လက်၍ စုစုပေါင်းတန်ဖိုး ငွေကျပ် ၆၅၈၅၀၀ ရှိ စာအုပ်စာစောင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယို ကက်ဆက်နှင့် ဒီဗွီဒီပြစက်တို့ကို ဆရာတော်ဘဒ္ဒန္တ ကောဝိဒက လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးထိန်လင်းက လက်ခံရယူပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်အား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာပြည်သူများ၏ ကိုယ်စား ဦးသိန်းအောင်က စာကြည့်တိုက် ငွေပဒေသာပင် အလှူငွေကျပ် ငါးသောင်း၊ ကိုဇော်ဝင်းထွန်း-မရီမျိုးက ငွေကျပ် ငါးထောင်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းအောင်က ငွေကျပ် သုံးထောင်၊ ဦးစိုးမြင့်ဆွေက ငွေကျပ် သုံးထောင် တို့ကို ပေးအပ်လှူဒါန်းကြရာ ဆရာတော် ဘဒ္ဒန္တ ကောဝိဒက လက်ခံရယူသည်။

(မြို့နယ် ပြန်/ဆက်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူလ ကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက်ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် ၇၁ ဗိုလ်မင်းရောင်လမ်းနေ ဦးတင့်ဝေ-ဒေါ်နန်းအေးအေးမြင့်၊ သား မောင်ဝေယံကျော်မိသားစုက အမေရိကန်ဒေါ်လာ ၁၀၀နှင့် ဒေါ်နန်းအေးအေးမြင့်နှင့် ဓမ္မမိတ်ဆွေများက အလှူငွေကျပ် နှစ်သိန်းနှစ်သောင်း ရှစ်ထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအမှုဆောင် ဆရာတော် မြန်အောင် အရှင်ကောသလ္လ B.A (ဓမ္မာစရိယ) ဗုဒ္ဓဂယာထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သုံးခွမြို့နယ် ညောင်လန်းကုန်းကျေးရွာ၌ ငွေကျပ် ၄၅ သိန်း တန်ဖိုးရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး ရွာလယ် ကွန်ကရစ်လမ်း ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ ရက်က ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးစန်းလှိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာမြင့်သိန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၁ ရက်က အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသည့် ကျွဲပွဲ ကျေးလက် ဈေးအိမ်သာ တည်ဆောက်ပြီးစီးမှု အခြေအနေကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့က ရှင်းလင်းပြသစဉ်။ (၁၁၆)

စိုက်ကွင်း-နတ်ကြီးစဉ်လမ်း ကျောက်ချောခင်းလမ်းသစ်ဖွင့်

မတ္တရာ ဧပြီ ၃

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော စိုက်ကွင်း-နတ်ကြီးစဉ်လမ်းအရှည် ၆၀၇၂ပေနှင့် အကျယ်၁၂ပေကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ရက် နံနက် ၉နာရီခွဲက အဆိုပါ မုခ်ဦး၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇံတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ စိုက်ကွင်း-နတ်ကြီးစဉ်လမ်းမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၀၀ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

(မြို့နယ်စည်ပင်)

တောင်သူလက်တွေ့ သီးနှံကာကွယ်ရေး ပညာပေးသင်တန်းဖွင့် ပိုးသတ်ဆေး စနစ်တကျကိုင်တွယ်သုံးစွဲရေးနည်း ဆွေးနွေး

တပ်ကုန်း ဧပြီ ၃

တပ်ကုန်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကျားသေအိုင် စိုက်ပျိုးပညာပေးစခန်းတွင် ပျဉ်းမနားခရိုင် သီးနှံကာကွယ်ရေးဌာနခွဲ၏ အစီအစဉ်ဖြင့် တောင်သူလက်တွေ့သီးနှံကာကွယ်ရေး ပညာပေးသင်တန်းကို မတ်၂၄ရက် နံနက် ၈နာရီခွဲက ဖွင့်လှစ်ရာ ပျဉ်းမနားခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးမှတ်ကြီးက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

သင်တန်းတွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်ရာ၌ ဓာတ်ကြွင်းအာနိသင်ကင်းစင်အောင် ထုတ်လုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးများ စနစ်တကျ ကိုင်တွယ်သုံးစွဲရေးနည်းပညာများကို ပျဉ်းမနားခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစိုးဝင်းနှင့် ဝန်ထမ်းများ၊ တပ်ကုန်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးကျင်မောင်နှင့် ဝန်ထမ်းများက ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **(က-ပ)**

LOLANE BEAUTY SOLUTION CENTRE ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

Grand Wynn Enterprises Ltd. ၏ LOLANE BEAUTY SOLUTION CENTRE ဖွင့်ပွဲနှင့် အသစ်ထပ်မံ ထုတ်လုပ်လိုက်သည့် Rebonding Gel အလှကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ အခမ်းအနားကို ဧပြီ ၇ရက် ညနေ၃နာရီက WAIZAYANTAR SHOPPING MALL ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ LOLANE အလှကုန်ပစ္စည်းများကို တစိုက်မတ်မတ် အားပေးသုံးစွဲကြသည့် လိုလိမ်းချစ်သူများ၊ အရောင်းကိုယ်စားလှယ်ကြီးများ၊ အနုပညာရှင်များ၊ စာနယ်ဇင်း အသီးသီးမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်

ဖွင့်ပွဲအခမ်းအနားတွင် Grand Wynn Group of Companies ဥက္ကဋ္ဌ ဦးလှဝင်း(Managing Director, Grand Wynn Enterprises Ltd.)၊ ထိုင်းနိုင်ငံမှ Mr. Seri Somboomsakdiful (Chairman, S.C.Artistry Co.,Ltd., Thailand) နှင့် Mr. Wichai Tongthampron (Managing Director, S.C. Artistry Co., Ltd., Thailand) တို့က Lolane Beauty Solution Centre ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** Lolane Hair & Skin Care မှ Technicianများက အလှကုန်ပစ္စည်းသစ် Rebonding Gel သုံးစွဲပုံနည်းစနစ်နှင့်အကျိုးအာနိသင်အကြောင်းကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဖွင့်ပွဲတက်ရောက်လာသူများအနက်မှ အမျိုးသမီးနှစ်ဦးအား ကံစမ်းမဲနှိုက်၍ လက်တွေ့အခမဲ့ဆံပင်ဖြောင့်ပေးခြင်းများ အပြင် Talent & Model Agency မှ မတင်မိုးလွင်နှင့် Models များနှင့် တွဲဖက်ကာ သင်္ကြန်စတိုင် ဆံပင်ပုံစံဆန်းများ လက်တွေ့ညှပ်ပြခြင်း၊ သရုပ်ပြခြင်း၊ နိုင်ငံတကာအဆင့်မီ အမျိုးသား၊ အမျိုးသမီးသုံး Rico & Rina ရေမွှေးနှင့် Lolane Hair Color Model Show နှင့် Dancer Show များ ဖျော်ဖြေတင်ဆက်သွားပြီး တက်ရောက်လာသူများအား ကံစမ်းမဲဖောက်ပေးခြင်း၊ ဖွင့်ပွဲအမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ခြင်းများအပြင် အထူးအစီအစဉ်အဖြစ် ဖွင့်ပွဲနေ့ Lolane Beauty Solution Centre ၌ ငွေကျပ် ၇၅၀၀ဖိုး ဝယ်ယူသူတိုင်းအား တစ်လအတွင်း အခမဲ့မျက်နှာပေါင်းတင်ပေးသွားမည် ဖြစ်သည်။

စုံစမ်းနိုင်

Lolane Hair & Skin Care နှင့် Rico & Rina နိုင်ငံတကာ အဆင့်မီ အမျိုးသား၊အမျိုးသမီးသုံး ရေမွှေးများကို ကိုယ်စားလှယ်ရယူလိုပါက ဖြန့်ဖြူးရောင်းချလိုသည့် စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် Grand Wynn Enterprises Ltd. အမှတ်(၄၀) (၆၇)လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၉၄၀၄၅၊ ၂၉၀၁၇၀၊ ၂၉၁၃၁၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့စားသောက်ကုန်လုပ်ငန်း၏ ပစ္စည်းများရောင်းချနိုင်ကြောင်း အသိပေးကြေညာခြင်း

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ ထုတ်လုပ်သော စားသောက်ကုန်ပစ္စည်းများသည် အခွန်ထမ်းဆောင်ပြီးသည့် ကုန်စည်များဖြစ်ပါသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ ထုတ်လုပ်သော စားသောက်ကုန်ပစ္စည်းများ မှန်ကန်ပါက အခွန်ထမ်းဆောင်ပြီးသော ကုန်စည်များဖြစ်ကြောင်းကို မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ အပြည့်အဝတာဝန်ယူသွားမည်ဖြစ်သဖြင့် စိတ်ချမ်းမြေ့စွာ ရောင်းဝယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့စားသောက်ကုန်လုပ်ငန်း။

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်တိုင်းတရားရုံးတော်၌
၂၀၀၇ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၈
(ကွယ်လွန်သူ ဒေါ်သိန်းညွန့်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက်၊ ၁၀၁ လမ်း၊ အမှတ် ၂၆ တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်သိန်းညွန့်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်း လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးကျော်သိန်းက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၇ ခုနှစ် မေလ ၄ရက်၊ (၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၄ရက်) နံနက် ၁၀နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်သိန်းညွန့်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် (လာရောက်လျှောက်ထား ဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၀၇ ခုနှစ် မေလ ၄ရက်(၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၄ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃နှင့် အညီ ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းမရှိ တစ်ခု ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော လျှောက်ထားသူ ဦးကျော်သိန်း၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည် ဖြစ်ကြောင်း။

၂၀၀၇ ခုနှစ် ဧပြီ ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နန်းညွန့်နွယ်
တွဲဖက်တိုင်းတရားသူကြီး(၇)
ရန်ကုန်တိုင်းတရားရုံး။

ဖခင်အမည်မှန်

အထက(၁)ကျိုက်ထို နဝမတန်း(ခ)မှ မအေးစန္ဒာစိုးနှင့် ဒုတိယတန်းမှ မောင်ဖြိုး အာကာစိုးတို့၏ ဖခင် အမည်မှန်မှာ ဦးစိုးသိန်း (ခ)ဦးစိုးဝင်း ၁၀/ကထန(နိုင်) ၀၁၂၇၆၃ ဖြစ်ပါသည်။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်-၁၀၁/၂၀၀၅

မြန်မာ့စီးပွားရေးဘဏ်		၁။ ဦးမြင့်လွင်
မိတ္ထီလာမြို့။	**နှင့်**	၂။ ဒေါ်မြင့်မာ
တရားနိုင်		**တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် (၂၅/၀၂)တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် မေ ၂၃ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် နယုန်လဆန်း ၈ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်ရှိ အကွက်အမှတ် (ဂ/အောင်ဇေယျာ) ဦးပိုင်အမှတ်(၁၀၅) ဧရိယာ၀ဒသမ ၀၄၂၈ကေရှိ မြေနှင့်၎င်းမြေပေါ်ရှိ(၃၀ ×၂၇)ပေရှိ လူနေတစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၇၀
ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးတင့်
ခရိုင်တရားသူကြီး
မိတ္ထီလာမြို့။

အမည်ပြောင်း

မြစ်ကြီးနားမြို့ အလက (၄)စတုတ္ထတန်း(A)မှ (အဖ)ဦးစိန်လင်း၏သမီးမရွှေဝတ်မှုန်အား မသူဇာဝင်းဟု ပြောင်းလဲခေါ်ပါရန်။

မသူဇာဝင်း။

အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းတာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် ဓမ္မစိန္တာလမ်း အမှတ် ၄၆ လေးလွှာ(ခေါင်းရင်းခန်း)၁၅ ပေx၆၀ တိုက်ခန်း (ရေ၊ မီး၊ အစုံ)အား တရားဝင်လက်ရှိ ရယူပိုင်ဆိုင်ထားသူ ဦးမြကျော် ၁၄/ညတန(နိုင်)၀၉၃၅၅၂ ထံမှ ကျွန်ုပ်မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ အဆိုပါ တိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်၊ ပတ်သက်စပ်ဆိုင်ခွင့်ရှိသူ မည်သူမဆို ယနေ့မှစ၍ ခုနစ်ရက် အတွင်း ခိုင်လုံသော အထောက်အထားဖြင့် ကျွန်ုပ်တို့ထံကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးဆုံးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ခင်မြင့်(သထုံ)၊
(B.A, H.G.P, R.L, D.B.L)
ဒေါ်မေခိုင်ထွန်း(ရှမ်းပြည်)
(B.Sc, R.L, D.B.L, D.M.L)

တရားရုံးချုပ်ရှေ့နေများ

ဒေါ်မြစန္ဒာခိုင်(LL . M)

အထက်တန်းရှေ့နေ
တိုက်အမှတ် ၅၀၊ အခန်း ၇၊ မြေညီ၊ ၃၃လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁-၀၃၀၂၂၊ ၀၁-၅၈၀၁၄၇။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်၌
၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ် (၁၉၆)

ရိုးမဘဏ်လီမိတက် (၎င်း၏လက်ထောက်မန်နေဂျာ ဒေါ်မွှေးမွှေးခင်)	**နှင့်**	ဒေါ်ခင်စန်းမြင့် အမှတ်(H-၁၃၁) ရွှေသရဖီ(၄)လမ်း၊ F.M.I City၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
တရားလို		**တရားပြိုင်**

အထက်အမည်ပါတရားပြိုင် ဒေါ်ခင်စန်းမြင့်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

တရားလို ရိုးမဘဏ်လီမိတက်က သင့်အပေါ်၌ ငွေကျပ်၂၃၂၆၂၅၂ကျပ် ၃၈ပြားရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၀၇ ခုနှစ် မေ ၄ ရက် (၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၄ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၇ ခုနှစ် မတ်၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အုန်းမြင့်
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ် - ၁၀/၂၀၀၆

မြန်မာ့စီးပွားရေးဘဏ်	**နှင့်**	၁။ ဦးတင်အောင်
မိတ္ထီလာမြို့။		၂။ ဒေါ်ချိုချိုမာ
တရားနိုင်		**တရားရှုံး**

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၁၆/၀၃ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် မေလ ၂၃ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် နယုန်လဆန်း ၈ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်ရှိ အကွက်အမှတ်(ခ/ပြည်သာယာ မြောက်)မြေကွက် အမှတ်(၉၇)၊ မြေချိန်ဧရိယာ ၀ဒသမ၀၃၄၈ကေရှိ မြေနှင့် ၎င်းမြေပေါ်ရှိ(၂၇×၂၇)ပေ နှစ်ထပ်တိုက်နှင့် ဆက်လျက်(၂၇ ×၉)ပေ မီးဖိုချောင်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၅၀
ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်း အချက်အလက်များကိုရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးတင့်
ခရိုင်တရားသူကြီး
မိတ္ထီလာမြို့။

တရားဝင်ဇနီးဖြစ်ကြောင်း

တောင်ဥက္ကလာပ (၆)ရပ်ကွက်နေ ဦးလှမင်း-ဒေါ်နုနုရီ၏ တစ်ဦးတည်းသောသား မှတ်ပုံတင်အမှတ် ၉/ခမစ(နိုင်)၀၁၅၂၈၈ ကိုင်ဆောင်သူ မောင်မျိုးမင်းဦးနှင့် ၁၄/ဝခမ(နိုင်) ၁၅၇၆၀၅ ကိုင်ဆောင်သူ နန့်နှင်းဝါစိုးတို့သည် ၂၈-၆-၂၀၀၅ရက်၌ တောင်ဥက္ကလာပတရားရုံး၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးပြီး ၁၆-၇-၂၀၀၅ရက်၌ ရှင်မိကွေ့လဘုရားကျောင်းတွင် မင်္ဂလာဆောင်ပွဲ ကျင်းပခဲ့ပြီးဖြစ်ပါ၍ ကျွန်မသားလျှင် သူ၏ တရားဝင်ဇနီး ဖြစ်ကြောင်း။

နန့်နှင်းဝါစိုး။

လှိုင်မြို့နယ် ယုဇနလမ်း အေးရိပ်မွန်အိမ်ရာ အမှတ်(၃)ဘီနေ ဗိုလ်မှူးမြင့်ရွှေ (ငြိမ်း)အားရည်စူး၍ ဇနီး ဒေါ်အေးအေးသိန်း၊ ဦးသူရိန်မြင့်ရွှေ-ဒေါ်စန္ဒာတင်ထွန်း မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေဘဲယ်လ်(ငြိမ်း)က လက်ခံယူစဉ်။ (က-ပ)

ကျေးရွာစာဖတ်ဝိုင်းများနှင့် သတင်းစာဖတ်ပြိုင်

လားရှိုး ဧပြီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းသည် ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် ဝန်ထမ်းများလိုက်ပါ၍ မတ်၂၅ရက် မွန်းလွဲ ၁နာရီက သိန်းနီမြို့နယ် ပန်စုံကျေးရွာတွင်လည်းကောင်း၊ မွန်းလွဲ ၂နာရီခွဲက ပိန်းဆာကျေးရွာတွင်လည်းကောင်း၊ ကျေးရွာစာဖတ်ဝိုင်းများနှင့် သတင်းစာဖတ်ပြိုင်ပွဲများ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများတွင် ကျေးရွာစာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ကော်မတီများအပါအဝင် ပြည်သူ ၂၀မှ ၃၀အထိ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး သတင်းစာပါ အကြောင်းအရာများကို ဝိုင်းဝန်းဆွေးနွေးကြကာ ပြိုင်ပွဲများပြုလုပ်၍ ဆုရရှိသူများကို ဆုများ ချီးမြှင့်သည်။

လားရှိုးခရိုင်အတွင်း လားရှိုးမြို့နယ်တွင် ကျေးရွာ၁၀ရွာ၊ မိုင်းရယ်မြို့နယ်တွင်လေးရွာ၊ တန့်ယန်းမြို့နယ်တွင်လေးရွာနှင့် သိန်းနီမြို့နယ်တွင်နှစ်ရွာ စုစုပေါင်းကျေးရွာ၂၀တွင်စာဖတ်ဝိုင်းများနှင့် သတင်းစာဖတ်ပြိုင်ပွဲများကို ဖေဖော်ဝါရီလနှင့် မတ်လအတွင်း ဝန်ထမ်းများက ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြပြီးကျေးရွာမှသည် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်အဆင့် ပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ကျိုက်မရောမြို့ ရန်မျိုးအောင်(၅)ရပ်ကွက် စက်ရေတွင်းတူးဖော်ဆောင်ရွက်မှုကို မတ်၈ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင် နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေစိုးကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံနားဆင်စရာ

၁၃၆၈ ခုနှစ်
နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်
၁၁-၄-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးတောင်သူများအတွက် စိန်သုံးလုံးပေါင်းစပ် သဘာဝမြေသြဇာ)

၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (သက်ကြီးအလွမ်းနှင့် နှစ်သစ်ဆန်း)

၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (ယုံကြည်ခြင်း-မေခ)

၁၂း၃၅ သီချင်းကြီးပဒေသာ
(၁) သကြိန်တော်ဘွဲ့ကြီး (ဦးလူကလေး)
(၂) တောပေါ်ဝန်တောင်သီချင်းခန့် (မြင့်မြင့်စိန်)

ညနေပိုင်း

၁၇း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ပိတောက်ပွေ့ပွေ့ လမ်းကွေ့ကွေ့ (ကိုကျော်ညွန့်)
(၂) ပိတောက်စိမ်း (ချိုပြုံး)
(၃) ကိုယ်ရယ်မင်းရယ် ပိတောက်ရယ် (တွံတေးသိန်းတန်)

၁၇း၃၀ အစာနှင့် အာဟာရ (သင်္ကြန်ကာလနဲ့ မြန်မာ့ရိုးရာ စားစရာများ)

၁၇း၄၅ သူ့လက်သံ (မန္တလေးတိုင်းမှ ဒေါ်ခင်ဆွေမြကြည်၏ စန္ဒရားလက်သံ)

၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ၂၀၀၇ ခုနှစ် သင့်အချစ် ခုနစ်ရက်သားသမီးများအတွက် အချစ်ဗေဒင် ဟောချက်များ (မင်းကျော်ခေါင်)
(၂) ကျွန်တော့်ကိုယ်တွေ့ အရိုးကျီးပေါင်း ရောဂါ ဆေးဝါးကုထုံးများ (ဆရာမြင့်-စကြာမင်း)

၁၉း၁၅ နှောင်းခေတ်ကြေးမုံ ဇာတ်လမ်းစုံ (ဦးပေါင်းစင်းနှင့် မြင်းညိုရှင်)

၂၀း၃၀ မေတ္တာလက်ဆောင်ရ တေးစီးရီး (မန်းသီရိတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် တုန်ချမ်းချမ်းဇော့ပုံပုံတေး စီးရီး)

မဲခေါင်အထက်ပိုင်းကုန်သွယ်ရေကြောင်းသွားလာရေး လေးနိုင်ငံပူးတွဲညှိနှိုင်းကော်မတီဆဋ္ဌမအကြိမ်စည်းဝေး ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ၍ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်းသွားလာရေး ဆိုင်ရာ လေးနိုင်ငံပူးတွဲညှိနှိုင်းကော်မတီ (JCCCN)၏ ဆဋ္ဌမအကြိမ် အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပရာ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

ရန်ကုန် ဧပြီ ၉

၁၃၆၈ ခုနှစ် နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို အလှည့်ကျထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ နားမည်ဖြစ်သည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ လေးနိုင်ငံ ပူးတွဲညှိနှိုင်းကော်မတီ (JCCCN)၏ ဆဋ္ဌမအကြိမ် အစည်းအဝေး ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မိုးလေဝသအခြေအနေ ၁၀-၄-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မိတ္ထီလာမြို့ ၃၃/ ၁၁ ကေဗွီဓာတ်အားခွဲရုံနှင့် ၅၀၀ ကေဗွီပင်မဓာတ်အားခွဲရုံ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဧပြီ ၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးတိုင်း မိတ္ထီလာမြို့ ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံသို့ရောက်ရှိ ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းရုံးဝင်းအတွင်းရှိ ယာဉ်နှင့်စက်အပိုပစ္စည်းများ၊ လိုင်းကြိုးခွေများ ထိန်းသိမ်းထားရှိမှုများကို ကြည့်ရှု စစ်ဆေးရာ ခရိုင်အင်ဂျင်နီယာ ဦးသန်းထွန်းက သာစည်ခွဲရုံမှ ဓာတ်အားရရှိမှု အခြေအနေ၊ ဓာတ်အား ဖြန့်ဝေပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် 5 MVA ထရန်စဖော်မာ နှစ်လုံးနှင့် ဗီဒါလေးခုနှင့် ခွဲရုံတည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် မိတ္ထီလာခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးခန်းမ၌ ဝန်ထမ်းများအား

စာမျက်နှာ ၉ ကော်လံ ၁ *

မြန်မာ့အလင်း ဆောင်းပါးနှင့် နိုင်ငံတကာသတင်း အညွှန်း

နှစ်စဉ် အကျိုးအမြတ်များရရှိနေသည့် မုဒုံမြို့နယ်က ကန်ကလေးဥယျာဉ်ခြံ

နုနုရီ နှင့် တင်တင်ဝင်းတို့၏ သတင်းမှတ်စု (စာ - ၁၂)

ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် နှလုံးသွေးကြောရောဂါ

ဆေးလိပ်သည် အရွယ်မရွေး ကျန်းမာရေးနှင့် အသက်ကိုပါ အန္တရာယ် ပြုသည်။ ဆယ်ကျော်သက်အရွယ်မှ ဆေးလိပ်စသောက်ပါက ဆေးလိပ်သောက်သည့် လူငယ်ဦးရေ၏ တစ်ဝက်သည် ဆေးလိပ်နှင့် ပတ်သက်သည့် ရောဂါတစ်စုံတစ်ခုကြောင့် လူလတ်ပိုင်းအရွယ်တွင် အသက်ဆုံးရှုံးနိုင်ပါသည်။

ပါမောက္ခဒေါ်ခင်မေစန်း၏ ဆောင်းပါး (စာ-၄၊ ၅)

ဒေါ်လာ တစ်သန်းခွဲတန် ရှေးဟောင်း တယော

ကမ္ဘာတစ်လွှား ထူးထူးခြားခြား (စာ - ၁၁)

10-4 (20) 1 4/10/07, 1:39 PM